ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်၊ စနေနေ့၊ (3-7-2004) (၄၂၈၃)

မာတာပိတု ဥပဋ္ဌာနံ၊ တေံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျာမနီနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ သမ္မတအဖြစ် ၂၀၀၄ခုနှစ် ဇူလိုင် ၁ရက်တွင် စတင်တာဝန်ထမ်းရွက်သည့် မစ္စတာဟော့စ်ခိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ တီယူဖစ်(ခ်)အာဘာဒါသည် ယနေ့နံနက် ၁၀နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်း ဖတ်ကြားတင်ပြ

ရန်ကုန် ဇူလိုင် ၂

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❊

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၃-၇-၂၀၀၄
(စနေနေ့)

မြန်မာအမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မား အောင်မြင်ဖြစ်ထွန်းမှုများ ဆက်လက်မြှင့်တင်

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကြောင်းကျိုးဆီလျော်မှန်ကန်သည့် မူဝါဒများဖြင့် လမ်းပြဖော်ဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ပါဝင်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ ရလဒ်ကောင်းများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

ယနေ့နိုင်ငံတကာ မျက်နှာစာကိုကြည့်လျှင် ဖွံ့ဖြိုးပြီး နိုင်ငံကြီးအချို့သည် ကမ္ဘာ့နိုင်ငံများအကြားတည်ရှိနေသည့် ဆင်းရဲချမ်းသာကွာဟမှု၊ ဓနအင်အားနှင့်နည်းပညာကွာခြားမှု၊ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကွာခြားမှုတို့ကို ပိုမိုကျယ်ပြန့် နက်ရှိုင်းလာစေရန် ဖန်တီးလုပ်ဆောင်လျက်ရှိနေကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးခြယ်လှယ်နိုင်ရန် ဖိအားပေးအကျပ်ကိုင်မှု အမျိုးမျိုး၊ ခွဲခြားဆက်ဆံမှု အသွယ်သွယ်တို့ဖြင့် ယင်းတို့၏ ဩဇာလောင်းရိပ်အောက်သို့ရောက်ရှိရန် လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြားသိနေရသည်။

ယင်းသို့သော အချိန်အခါမျိုးတွင် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်တွန်းလှန်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားစေရန် အင်ပြည့်အားပြည့် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ သူတစ်ပါးဩဇာလောင်းရိပ်ကင်းရှင်းစွာ နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်းရပ်တည်နိုင်စေရေး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းကြရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံအတွင်းရှိ ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားစုများ၏ စည်းလုံးညီညွတ်သော စွမ်းပကားကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာများသာမက အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်စွမ်းဆောင်နိုင်သည့် အခွင့်အလမ်းများကို စီမံဖန်တီးပေးလျက်ရှိသည်။

တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တည်ဆောက်လျက်ရှိရာတွင် အင်အားများပြားလှသော အမျိုးသမီး စွမ်းအားစုများ အင်တိုက် အားတိုက် ပါဝင်လာနိုင်ရန် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်က အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်း၍ကူညီပေးလျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်၍ စွမ်းဆောင်ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အလိုက် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အမျိုးသားရေး လှုပ်ရှားမှုများတွင် သွက်လက်ထက်မြက်စွာ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်က အမျိုးသမီးများအတွက် ထိရောက်သော မူဝါဒများချမှတ်ပြီး အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။စီးပွားရေး လုပ်ငန်းရှင်များ ဖြစ်ထွန်းလာစေရန် အားပေးချီးမြှောက်လျက်ရှိသည်နှင့်အညီ စီးပွားရေးကဏ္ဍတွင် ထူးချွန်ထက်မြက်သော အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ ပေါ်ထွက်လာလျက်ရှိသည်။

အလားတူ ဆောက်လုပ်ရေးကဏ္ဍတွင်လည်း အမျိုးသမီးအင်ဂျင်နီယာများ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်နိုင်ရေး အားပေးလျက်ရှိရာ အောင်မြင်တိုးတက်မှုများရရှိနေသည်။ ပဲခူးတိုင်းအတွင်း ဖွင့်လှစ်ခဲ့သည့် ရဲနွယ်တံတားသည် မြန်မာနိုင်ငံအတွင်း အမျိုးသမီးအင်ဂျင်နီယာများ ဦးစီးဆောက်လုပ်ခဲ့သည့် ပထမဆုံးတံတားဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဘက်စုံ၊ ကဏ္ဍစုံတွင် အသိပညာရှင်၊ အတတ်ပညာရှင် အမျိုးသမီးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာရေးအတွက် အားပေးကူညီလျက်ရှိရာ အမျိုးသမီးများအားလုံးက မိမိတို့ရရှိထားသည့် အောင်မြင်ဖြစ်ထွန်းမှုများ မြှင့်တင်နိုင်ရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုနှင့်အညီ ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တံတားသံပေါင်နှင့်ဆက်စပ်ပစ္စည်းများသယ်ယူသည့်လုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးနေစိုးနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်ဆူးလေ ဆိပ်ကမ်းအမှတ်(၆)သို့သွားရောက်၍ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ စီစဉ်ပေးသည့် M.V Liang Shan သင်္ဘောဖြင့် ရောက်ရှိလာသည့် ဧရာဝတီတံတား (ရတနာပုံ)အတွက် သံပေါင်နှင့်ဆက်စပ်ပစ္စည်းများ ရေကုန်ထုတ်စနစ်ဖြင့် သင်္ဘောပေါ်မှချနေသည်များကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား (ရတနာပုံ) သည် ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်လျက်ရှိပြီး လုပ်ငန်းခွင်သို့ ရောက်ရှိပြီးဖြစ်သော တံတားသံပေါင်များကို တပ်ဆင်လျက်ရှိသည်။

ယင်းသင်္ဘောဖြင့် ပုသိမ်တံတား (ငဝန်)အတွက် သံပေါင်နှင့်ဆက်စပ်ပစ္စည်း ၂၀၀၀ ဒသမ ၃၀၉ တန်လည်း ပါရှိလာသည်။ ပုသိမ်တံတား(ငဝန်)မှာ ငဝန်မြစ်ကို ဖြတ်ကျော်တည်ဆောက်လျက်ရှိပြီး တံတားအရှည် ပေ ၂၁၄၀ ဖြစ်သည်။ အောက်ခြေအုတ်မြစ်လုပ်ငန်းနှင့် တံတားအောက်ထည်လုပ်ငန်းများ ပြီးစီးနေပြီး ယခုရောက်ရှိလာသော တံတားသံပေါင်များ လုပ်ငန်းခွင်သို့ အမြန်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ ယင်းသင်္ဘောဖြင့်ပင် တွံတေးတံတားအတွက် သံပေါင်တန်ချိန် ၁၉၄၉ ဒသမ ၂ တန် ပါရှိလာသည်။ တွံတေးတံတားမှာ တွံတေးတူးမြောင်းကို ဖြတ်ကျော်တည်ဆောက်လျက်ရှိပြီး စုစုပေါင်းအရှည်ပေ ၃၅၇၀ ဖြစ်သည်။ တံတားအောက်ခြေအုတ်မြစ်လုပ်ငန်းများကို တံတားသံပေါင်များ လျင်မြန်စွာ တပ်ဆင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးကသက်ဆိုင်ရာ တံတားအသီးသီး၏ လုပ်ငန်းခွင်သို့ အမြန်ရောက်ရှိရေး၊ ခရီးလမ်းပန်းတစ်လျှောက် လုံခြုံချောမွေ့ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများလုပ်ငန်းခွင်အသီးသီးသို့ ရောက်ရှိသွားပါက သံပေါင်များ လျင်မြန်စွာတပ်ဆင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရန်ကုန်ဆူးလေဆိပ်ကမ်း၌ သင်္ဘောပေါ်မှ တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများသယ်ချမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဘယ်လာရုစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့တွင် ဝန်ကြီး ဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃

၂၀၀၄ခုနှစ် ဇူလိုင် ၃ ရက်၌ ကျရောက်သော ဘယ်လာရုစ် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာတီနော့ဗ်၊ ဆာဂေး၊ နီကိုလေဗစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၁ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဇူလိုင် ၂

၂၀၀၄ခုနှစ်ဇူလိုင် ၂ရက် နံနက် မြန်မာစံတော်ချိန် ၀၉း၃၀ နာရီ အချိန်တွင် ကန့်ဘလူမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၂၃ မီလီမီတာ (၄ဒသမ၈၄ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၁၂ နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီမိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၂၀ မီလီမီတာ (၄ဒသမ၇၂လက်မ)ဖြစ်ပြီး ၁၉၉၂ခုနှစ် ဇူလိုင် ၇ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့

☆ မိမိတို့သည်...
ကိုယ်စီဘဝ သာမန်မျှတည့်
လောကနွယ်ဖွား မိန်းမသားမို့
ခံစားပြုမူ အတူတူပင်
တူရူရှေးရှု မိသားစုသာ
ပြုစုနိုင်ရေး အစဉ်တွေးခဲ့...။

☆ မိမိတို့လျှင်...
ငယ်နုစဉ်က အချိုးကျသည့်
သွယ်လျခန္ဓာ ပိုင်ဆိုင်လာခဲ့
ဇရာသဘော ပြောင်းရွှေ့လျော၍
ရှုမောဖွယ်သွင် ပြန်မမြင်လည်း
နေ့စဉ်ထက်မြက် ထိုအသက်ကြောင့်
ရင့်ကျက်နှလုံး ပီတိဖုံး၍
အားလုံးအရေး ကိုယ့်အရေးဟု
မျှော်တွေးမှန်းဆ ပို၍လှသည့်
ဘဝကိုယ်စီ ရခဲ့ပြီ။

☆ မိမိတို့၏ ထိုအသိဖြင့်
"မျက်စိကိုဖွင့် နားကိုစွင့်နိုက်"
လက်ဆင့်ကမ်းလာ အခွင့်သာပြီ
မြန်မာအမျိုးသမီး အဖွဲ့ချုပ်ကြီးသို့
စည်းလုံးညီညွတ် ပြည်လုံးကျွတ်ပင်
ပါဝင်ပူးပေါင်း အားသစ်လောင်းအံ့
စုပေါင်းထွန်းကား ဒို့စွမ်းအားဖြင့်
ခမ်းနားကျစ်လျစ် ရွှေပြည်သစ်ကို
မျိုးချစ်မယ်တို့ တည်ဆောက်စို့။ ။

အေးအေး

နိုင်ငံခြား သတင်းများ

ကန်တပ်စခန်း စိန်ပြောင်းဖြင့်အပစ်ခံရ တပ်ဖွဲ့ဝင် ၁၁ ဦး ဒဏ်ရာရပြီး စခန်းမီးလောင်

ဘဂ္ဂဒက် ဇူလိုင် ၁

အီရတ်ခုခံရေးသမားများသည် ဗုဒ္ဓဟူးနေ့က ဘဂ္ဂဒက်မြို့ပြင် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အမေရိကန်တပ်စခန်းကို အနည်းဆုံး မော်တာဗုံးသီး ၁၀ လုံးဖြင့် ပစ်ခွင်းခဲ့သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၁၁ ဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသွားသူများအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး ပစ်ခတ်မှုကြောင့် ပေါ်ပေါက်ခဲ့သော မီးလောင်မှုမှာလည်း အချိန်တစ်နာရီကျော် ငြိမ်းသတ်ယူရကြောင်း သိရသည်။

ဇွန် ၂၈ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တစ်နေ့တည်းမှာပင် ဆာမာ၀ါမြို့ရှိ ရဲဌာနချုပ်စခန်းကို ကားဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုလည်း ဖြစ်ပွားခဲ့သည်။ ထိုမြို့မှာ ဘဂ္ဂဒက်မြို့တော်၏ တောင်ဘက် မိုင် ၁၅၀ အကွာတွင် တည်ရှိသည်။ အထက်ပါ တိုက်ခိုက်မှုများကို ထောက်ရှုလျှင် အီရတ်ခုခံရေးသမားများအနေဖြင့် အီရတ်ကြားဖြတ် အစိုးရလက်သို့ အမေရိကန်များက အုပ်ချုပ်မှုအာဏာ လွှဲပြောင်းပေးခဲ့သည့်တိုင်အောင် တိုက်ခိုက်မှုများကို လျော့သွားမည် မဟုတ်ကြောင်း ပြသသည့် လက္ခဏာပင်ဖြစ်သည်ဟု ဆိုသည်။

တပ်စွဲထား

အမေရိကန်တို့က အုပ်ချုပ်မှုအာဏာ လွှဲပေးပြီးဖြစ်၍ သိမ်းပိုက်ထားမှုရပ်ဆိုင်းသွားသည်ဟု ဆိုရမည်ဖြစ်သော်လည်း အီရတ်မြေပေါ်တွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ အင်အား ၁၆၀၀၀၀ ခန့် ဆက်လက်တပ်စွဲထားကြသေးသည်။ ၎င်းတို့ ဆက်လက်ရှိနေကြခြင်းမှာ အီရတ်များကို လုံခြုံမှုပေးရန်နှင့် လက်နက်တပ်ဖွဲ့များကို လေ့ကျင့်ပေးရန်ဖြစ်သည်ဟု အကြောင်းပြကြသည်။

တိုက်ခိုက်

ပြောက်ကျားများသည် ဘဂ္ဂဒက်လေဆိပ်ရှိ အမေရိကန်ထောက်ပံ့ရေးတပ်စခန်းကို ဇွန် ၃၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် စတင်တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း အမေရိကန် ဒုတိယဗိုလ်မှူးကြီး ရစ်ချတ်ရေးလ်က ပြောကြားသည်။ ၎င်းသည် ထိုစခန်း၏ တပ်မှူးဖြစ်သည်။ ထိုစခန်းကို နယူးမက္ကဆီကို အမျိုးသားလုံခြုံရေးထောက်ပံ့တပ် အမှတ် ၅၁၅ က တာဝန်ယူထားသည်။

ဖုံးလွှမ်း

ရေနံ ထွက်ပစ္စည်းသိုလှောင်ရာဝင်း ၈၂ မမ စိန်ပြောင်းဗုံးသီးများကို ထိမှန်ခဲ့သောကြောင့် အချိန်တစ်နာရီမျှ စခန်းပေါ်တွင် မီးခိုးလုံးကြီးများ ဖုံးလွှမ်းနေခဲ့ကြောင်းသိရသည်။

ကြုံရ

ထိုစခန်းကို နေ့စဉ်လိုလို စိန်ပြောင်းနှင့် အပစ်ခံနေရသော်လည်း ယခုတစ်ကြိမ်သာ အထိအခိုက် အပျက်အစီးနှင့် ကြုံရခြင်းဖြစ်သည်။

ရှာဖွေ

ဆာမာ၀ါတွင် ကားဗုံးကွဲမှုကြောင့် လူနှစ်ဦး ဒဏ်ရာရသွားကြသည်။ ထို့အပြင် အခြားယာဉ်နှစ်စီးလည်း မီးလောင်ပျက်စီးခဲ့ရသည်ဟု ဆိုသည်။ ထိုအတောအတွင်းတွင် အမေရိကန်တပ်များသည် ပျောက်ဆုံးနေသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ဝါဆက်ဖ်အလီဟာစွန်ကို ကြိုးစားရှာဖွေနေခဲ့ကြသည်။ ယခုအခါ ဟာဆန်၏ အခြေအနေကို ပျောက်ဆုံးစာရင်းမှ အဖမ်းခံရသူစာရင်းသို့ ပြောင်းလွဲစာရင်းသွင်းလိုက်ရပြီဖြစ်ကြောင်း သိရသည်။

ချောက်ချား

အီရတ်စစ်မြေပြင်တွင် ရောက်နေသော အမေရိကန်အမှတ်(၁) ပြည်ပသွား မရိန်းတပ်သည် ၎င်း၏မျက်စိရှေ့တွင် တပ်ကြပ်ကြီးတစ်ဦး စိန်ပြောင်းထိမှန် သေဆုံးသွားသည်ကို ချောက်ချားသွားကြောင်း၊ ထို့ကြောင့် လက်ဘနွန်သို့ ထွက်ပြေးရန် စခန်းရှိ အီရတ်များကို အကူအညီတောင်းခဲ့ကြောင်း၊ အီရတ်များက အယောင်ဆောင် အကူအညီပေးပြီး ၎င်းကို ခုခံရေးသမားများ လက်အပ်လိုက်ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောပြခဲ့ကြောင်းသတင်းကို နယူးယောက်တိုင်းမ် သတင်းစာက ရေးသားဖော်ပြခဲ့သည်။ ***အင်တာနက်။***

အမေရိကန်တို့၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် အပျက်အစီးများအား ရှင်းလင်းနေသည့် ဖော်လူဂျာမြို့မှ အီရတ်မိသားစုတစ်စုကို ဇူလိုင် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲမတိုင်မီ ဗြိတိသျှထောက်လှမ်းရေးသတင်းများ မှားယွင်းမှု စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာထုတ်ပြန်မည်

လန်ဒန် ဇူလိုင် ၁

အီရတ်စစ်ပွဲမဖြစ်ပွားမီက ထောက်လှမ်းရေးသတင်းမှားများ ပေးခဲ့မှုနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းလေ့လာမှုများပြုလုပ်ခဲ့ပြီးနောက် ယင်းအဖွဲ့၏ အစီရင်ခံစာကို ဇူလိုင် ၁၄ ရက်တွင် ဖြန့်ချိမည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ ဝန်ကြီးအဖွဲ့ရုံးက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက စုံစမ်းစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီးခဲ့သည့်နောက် ဝန်ကြီးချုပ်တိုနီဘလဲက ဖေဖော်ဝါရီလအတွင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ အီရတ်စစ်ပွဲ မဖြစ်ပွားမီက အီရတ်နိုင်ငံသည် လူအစုအပြုံလိုက် သေစေနိုင်သည့် အဖျက်လက်နက်များ ပိုင်ဆိုင်ခဲ့သည်ဟူသည့် ဗြိတိသျှ အစိုးရအား ယုံကြည်စေခဲ့သည့်သတင်း၏ တည်ဆောက်မှုနှင့် လုပ်ငန်းဖော်ဆောင်မှုများအား အဆိုပါစုံစမ်းရေးအဖွဲ့က ဆန်းစစ်လေ့လာခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့ အကြီးအကဲ ရိဘင်ဗတ်တလာနှင့် ၎င်း၏အဖွဲ့က တိုနီဘလဲ သို့တည်းမဟုတ် ၎င်း၏ ဝန်ကြီးများက မှားယွင်းသည့်ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်ဟု ကောက်ချက်ချခဲ့ပါက အီရတ်ကိစ္စနှင့် ပတ်သက်၍ အပြင်းအထန် ဖိအားပေးခံနေရသည့် ဗြိတိသျှအစိုးရအတွက် နိုင်ငံရေးအရ အပြင်းအထန် အထိနာပြီး ဂုဏ်သိက္ခာ ထိခိုက်နိုင်သည်။

ဗြိတိသျှပြည်သူများက ကျယ်ပြန့်သည့် အတိုင်းအတာဖြင့် ယုံကြည်ကိုးစားမှုမရှိဖြစ်နေချိန်ဝယ် တိုနီဘလဲက အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲကို ပံ့အော ထောက်ခံခဲ့ပြီး အီရတ်နိုင်ငံ၏ တရားမဝင် အဖျက်လက်နက်များသည် အနောက်ကမ္ဘာအတွက် တစ်မဟုတ်ချင်း ခြိမ်းခြောက်မှု အန္တရာယ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

အမေရိကန်တို့၏ ကျူးကျော်မှုကို ဆန့်ကျင်ရာ၌ ဆွန်နီနှင့် ရှီးယိုက်တို့ စည်းလုံးညီညွတ်မှု ရှိသင့်ကြောင်း တိုက်တွန်းသည့် ကြေညာချက်ကို ဖော်လူဂျာမြို့တွင် မျက်နှာဖုံးစွပ်တိုက်ခိုက်ရေးသမားတစ်ဦးက ဇွန် ၂၈ ရက်တွင် ဖတ်ကြားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပန်းသီးစားခြင်းဖြင့် အစာအိမ်ကင်ဆာကာကွယ်နိုင်

အီတလီ ဇွန် ၃၀

အီတလီနိုင်ငံ နေပယ်တက္ကသိုလ်တွင် ပန်းသီးစားသုံးမှုနှင့် ကျန်းမာရေးဆက်စပ်မှုကို လေ့လာခဲ့ရာတွင် အနည်းဆုံး ပန်းသီးနှစ်လုံးကျ နေ့စဉ်မှန်မှန်စားသုံးလျှင် အစာအိမ်ကင်ဆာရောဂါ ဖြစ်ပွားမည့်အန္တရာယ်ကို လျော့ပါးစေသည်ဟု အင်္ဂါနေ့က ပြောကြားခဲ့သည်။

အီတလီသုတေသီများက ၎င်းတို့၏ လေ့လာတွေ့ရှိချက်ကို ဂျီယူတီခေါ် အစာအိမ်လမ်းကြောင်းဆိုင်ရာ ရောဂါများအကြောင်း ရေးသားသောစာစောင်တွင် မကြာမီ ပုံနှိပ်ဖော်ပြတော့မည်ဖြစ်သည်။ ပန်းသီးသည် အစာအိမ်ရောဂါ၏ အဓိက အကာအကွယ်ပေးသော သတ္တိရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၈၅၃ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၁

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ လွန်ခဲ့သည့်နှစ် မတ်လ၌ စစ်ပွဲစတင်ဆင်နွှဲခဲ့ချိန်မှစ၍ ယခုနှစ် ဇူလိုင် ၁ ရက်အထိ အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၅၃ ဦးရှိပြီဖြစ်သည်။

ယင်းအနက် ၆၃၂ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၂၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ အီရတ်ကို ဆင်နွှဲသောစစ်ပွဲသည် ၂၀၀၃ ခုနှစ် မေလ ၁ ရက်၌ ပြီးဆုံးခဲ့သည်။

ထိုနေ့မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၁၅ ဦးဖြစ်ပြီး ယင်းအနက် ၅၂၃ ဦးမှာ တိုက်ပွဲ၌သေဆုံးကာ ၁၉၂ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟုဆိုသည်။

အီရတ်၌ အမေရိကန်၏ အခြားအပေါင်းပါတပ်ဖွဲ့ဝင်များလည်း စစ်ပွဲစတင်ခဲ့သည်မှ သေဆုံးမှုများရှိခဲ့သည်။

အဆိုပါတပ်ဖွဲ့ဝင်များမှာ ဗြိတိသျှ ၅၉ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားနှင့်ပိုလန် ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလင်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။ ***အင်တာနက်။***

ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်

(ယမန်နေ့မှအဆက်)

အခန်း(၅)

သယ်ယူပို့ဆောင်ခြင်း

၂၄။ (က) အောက်ပါလုပ်ငန်းကိစ္စတစ်ခုခုအတွက် ပြည်တွင်းတွင် သယ်ယူပို့ဆောင်လိုသူသည် သယ်ယူပို့ဆောင်သည့် အခါတိုင်း ခွင့်ပြုချက်ရရှိရန် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၉)ဖြင့် လျှောက်ထားရမည်–

(၁) ပြည်တွင်းတွင်ထုတ်လုပ်သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခြင်း၊

(၂) ပြည်ပနိုင်ငံတစ်ခုမှ တစ်ခုသို့ မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်း၍ ထိန်းချုပ်ဓာတုပစ္စည်းကို သယ်ယူပို့ဆောင်ခြင်း၊

(ခ) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၁၀)ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။

၂၅။ (က) မြန်မာနိုင်ငံအတွင်း ပြည်နယ်၊ တိုင်းတစ်ခုမှ တစ်ခုသို့ ထိန်းချုပ်ဓာတုပစ္စည်းကို သယ်ယူပို့ဆောင်လိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၁)ဖြင့် လျှောက်ထားရမည်။

(ခ) ပြည်နယ်၊ တိုင်းမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၁၂)ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။

၂၆။ ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခွင့်ရရှိသူသည်–

(က) ထိန်းချုပ်ဓာတုပစ္စည်းကို သယ်ယူပို့ဆောင်သည့်အခါ–

(၁) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ခ) သို့မဟုတ် နည်းဥပဒေ ၂၅၊ နည်းဥပဒေခွဲ(ခ)အရ ထုတ်ပေးသော ခွင့်ပြုချက် တစ်ပါတည်းပါရှိရမည်။

(၂) ပြည်ပမှတင်သွင်းပါက သွင်းကုန်လိုင်စင်၊ ပါမစ်နှင့် သွင်းကုန်ကြေညာလွှာ သို့မဟုတ် ပြည်တွင်းတွင် ထုတ်လုပ်ခြင်း ဖြစ်ပါက ထုတ်လုပ်သည့်စက်ရုံ၏ ထောက်ခံချက်နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်တို့ တစ်ပါတည်း ပါရှိရမည်။

(၃) ထိန်းချုပ်ဓာတုပစ္စည်းကို ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုထားသော နေရာဒေသသို့သာ သယ်ယူပို့ဆောင်ရမည်။

(၄) ခွင့်ပြုချက်ပါ နေရာဒေသတစ်ခုခုမှ အခြားနေရာဒေသတစ်ခုခုသို့ ပြောင်းလဲပြီး သယ်ယူပို့ဆောင်ရန်ရှိပါက ခွင့်ပြုချက် ထုတ်ပေးသည့် သက်ဆိုင်ရာ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ သို့မဟုတ် ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ခွင့်ပြုချက်ကို ပြန်လည်ယူရမည်။

(၅) လမ်းခရီးတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက်ပို၍ လျော့နည်းခြင်းဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့များသို့ ချက်ချင်းသတင်းပို့ရမည်။

(၆) တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုခြင်း မရှိစေရန် အထူးဂရုပြုရမည်။

(၇) ခွင့်ပြုချက်ပါ စည်းကမ်းများကို လိုက်နာရမည်။

(ခ) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ခ) သို့မဟုတ် နည်းဥပဒေ ၂၅၊ နည်းဥပဒေခွဲ(ခ)အရ ထုတ်ပေးသော ခွင့်ပြုချက်နှင့် အထောက်အထား စာရွက်စာတမ်းများကို အနည်းဆုံးနှစ်နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

အခန်း(၆)

သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်း

၂၇။ ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်ကားဖြန့်ဖြူးရောင်းချလိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၃)ဖြင့် လျှောက်ထားရမည်။

၂၈။ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၇ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၁၄)ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။

၂၉။ (က) ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်ကားဖြန့်ဖြူးရောင်းချရန် ခွင့်ပြုချက်ရရှိသူသည် ခွင့်ပြုချက်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်၍ သိုလှောင်ထားရှိပြီး လက်ကားဖြန့်ဖြူးရောင်းချလိုပါက ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၅)ဖြင့် လျှောက်ထားရမည်။

(ခ) ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးရမည်။

၃၀။ ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်လီဖြန့်ဖြူးရောင်းချလိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ရယူပြီး ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၆)ဖြင့် လျှောက်ထားရမည်။

၃၁။ သက်ဆိုင်ရာ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေ ၃၀ အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၁၇)ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။

၃၂။ (က) ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်လီဖြန့်ဖြူးရောင်းချရန် ခွင့်ပြုချက်ရရှိသူသည် ခွင့်ပြုချက်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်၍ ဖြန့်ဖြူးရောင်းချလိုပါက ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ရယူပြီး ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့သို့ ပုံစံ(၁၈)ဖြင့် လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးရမည်။

၃၃။ နည်းဥပဒေ ၂၈ နှင့် ၃၁ တို့အရ ထုတ်ပေးသော ခွင့်ပြုချက် သက်တမ်းသည် ခွင့်ပြုချက်ထုတ်ပေးသည့် နေ့ရက်မှစ၍ တစ်နှစ်ဖြစ်သည်။

၃၄။ ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချခွင့်ရရှိသူသည်–

(က) နည်းဥပဒေ ၂၈ သို့မဟုတ် ၃၁ အရ ထုတ်ပေးသော ခွင့်ပြုချက်ကို ထိန်းချုပ်ဓာတုပစ္စည်း ရောင်းချမည့်နေရာ ဆိုင်၌ချိတ်ဆွဲထားရမည်။

(ခ) သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းများကို ပုံစံ(၁၉)ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ် စုစည်း၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ပေးပို့ရမည်။

(ဃ) လစဉ်မှတ်တမ်းများ သုံးလတစ်ကြိမ် အစီရင်ခံစာများ၊ ပြေစာဘောက်ချာများ၊ စာရင်းဇယားများကို အနည်းဆုံး နှစ်နှစ်ထိ သိမ်းဆည်းထားရမည်။

(င) ထိန်းချုပ်ဓာတုပစ္စည်းကို တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာ၌ အသုံးပြုခြင်းမရှိစေရန် အထူးဂရုပြုရမည်။

(စ) သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချရာတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက် ပို၍လျော့နည်းခြင်းဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ချက်ချင်းသတင်းပို့ရမည်။

(ဆ) ထိန်းချုပ်ဓာတုပစ္စည်းကို ဝယ်ယူသူက တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုဖွယ်ရာရှိကြောင်း သံသယဖြစ်ဖွယ်ရာ တွေ့ရှိပါက သက်ဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များသို့ဖြစ်စေ၊ ရဲစခန်းသို့ဖြစ်စေ ချက်ချင်းသတင်းပို့ရမည်။

(ဇ) ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

အခန်း(၇)

သိုလှောင် ထိန်းသိမ်းခြင်း

၃၅။ ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၂၀)ဖြင့် လျှောက်ထားရမည်။

၃၆။ ပြည်နယ်၊ တိုင်းမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေ ၃၅ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၂၁)ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။

၃၇။ နည်းဥပဒေ ၃၆ အရ ထုတ်ပေးသော ခွင့်ပြုချက်သက်တမ်းသည် ခွင့်ပြုချက်ထုတ်ပေးသည့် နေ့ရက်မှစ၍ တစ်နှစ်ဖြစ်သည်။

၃၈။ (က) ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ထိန်းသိမ်းခွင့်ရရှိသူသည် ခွင့်ပြုချက်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်၍ သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၅)ဖြင့် လျှောက်ထားရမည်။

(ခ) ပြည်နယ်၊ တိုင်းမူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးရမည်။

၃၉။ ထိန်းချုပ်ဓာတုပစ္စည်းသိုလှောင် ထိန်းသိမ်းခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်–

(က) နည်းဥပဒေ ၃၆ အရ ထုတ်ပေးသော ခွင့်ပြုချက်ကို ထိန်းချုပ်ဓာတုပစ္စည်းသိုလှောင် ထိန်းသိမ်းထားသည့်နေရာ၊ အဆောက်အအုံ၊ ဂိုဒေါင်တွင် ချိတ်ဆွဲထားရမည်။

(ခ) ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းကို ပုံစံ(၂၂)ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ်စုစည်း၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီသို့ပုံစံ(၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ပေးပို့ရမည်။

(ဃ) လစဉ်မှတ်တမ်းများ၊ သုံးလတစ်ကြိမ် အစီရင်ခံစာများ၊ ပြေစာ၊ ဘောက်ချာများ၊ စာရင်းဇယားများကို အနည်းဆုံး နှစ်နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

(င) ထိန်းချုပ်ဓာတုပစ္စည်းကို တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ရာတွင် အသုံးပြုခြင်း မရှိစေရန် အထူးဂရုပြုရမည်။

(စ) သိုလှောင်ထိန်းသိမ်းရာတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက်ပို၍ လျော့နည်းခြင်း ဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီနှင့် သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့များသို့ ချက်ချင်းသတင်းပို့ရမည်။

(ဆ) ခွင့်ပြုချက်ပါ စည်းကမ်းများကို လိုက်နာရမည်။

အခန်း(၈)

သုတေသန ပြုလုပ်ခြင်း

၄၀။ ထိန်းချုပ်ဓာတုပစ္စည်းကို သုတေသန ပြုလုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၂၃)ဖြင့် လျှောက်ထားရမည်။

၄၁။ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၄၀ အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၂၄)ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။

၄၂။ နည်းဥပဒေ ၄၁ အရ ထုတ်ပေးသော ခွင့်ပြုချက်သက်တမ်းသည် ခွင့်ပြုချက် သက်တမ်းထုတ်ပေးသည့်နေ့ရက်မှ စတင်၍ တစ်နှစ်ဖြစ်သည်။

၄၃။ (က) ထိန်းချုပ်ဓာတုပစ္စည်းကို သုတေသနပြုလုပ်ခွင့်ရရှိသူသည် ခွင့်ပြုချက် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ သုတေသနပြုလုပ်လိုပါက ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုချက်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၂၅)ဖြင့် လျှောက်ထားရမည်။

(ခ) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးရမည်။

၄၄။ ထိန်းချုပ်ဓာတုပစ္စည်းကို သုတေသနပြုလုပ်ခွင့် ရရှိသူသည်–

(က) နည်းဥပဒေ ၄၁ အရ ထုတ်ပေးသော ခွင့်ပြုချက်ကို သုတေသနပြုလုပ်သည့် နေရာတွင် ချိတ်ဆွဲထားရမည်။

(ခ) သုတေသနပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းများကို ပုံစံ(၂၆)ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ် စုစည်း၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ပေးရမည်။

(ဃ) သုတေသနပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ လစဉ်မှတ်တမ်းများ၊ အစီရင်ခံစာများ၊ စာရင်းဇယားများကို စနစ်တကျပြုစု၍ အနည်းဆုံး နှစ်နှစ် ထိန်းသိမ်းထားရမည်။

(င) သုတေသနပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကို ခံယူရမည်။

(စ) သုတေသနပြုလုပ်ရာတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက် ပိုမို၍ လျော့နည်းခြင်းဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ချက်ချင်းသတင်းပေးပို့ရမည်။

(ဆ) သုတေသနပြုလုပ်၍ ရရှိသော ထိန်းချုပ်ဓာတုပစ္စည်းများကို ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ စီမံဆောင်ရွက်ရမည်။

(ဇ) ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ *

* စာမျက်နှာ ၄ မှ အဆက်

အခန်း(၉)

လက်ဝယ်ထားပြီး အသုံးပြုခြင်း

၄၅။ ထိန်းချုပ်ဓာတုပစ္စည်းကို အခန်း(၃)၊ (၄)၊ (၅)၊ (၆)၊ (၇)နှင့်(၈)တို့ပါ လုပ်ငန်းကိစ္စ တစ်ခုခုအတွက် မဟုတ်ဘဲ နည်းဥပဒေ ၆၂တွင် ခွင့်ပြုထားသည်မှတစ်ပါး အခြားအိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံးအတွက်သော်လည်းကောင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းအတွက်သော်လည်းကောင်း လက်ဝယ်ထားပြီး အသုံးပြုလိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ရယူပြီး သက်ဆိုင်ရာ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၂၇)ဖြင့် လျှောက်ထားရမည်။

၄၆။ သက်ဆိုင်ရာ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေ ၄၅ အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၂၈)ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။

၄၇။ နည်းဥပဒေ ၄၆ အရ ထုတ်ပေးသော ခွင့်ပြုချက်သက်တမ်းသည် ခွင့်ပြုချက်ထုတ်ပေးသည့် နေ့ရက်မှစ၍ တစ်နှစ်ဖြစ်သည်။

၄၈။ (က) ထိန်းချုပ်ဓာတုပစ္စည်းကို လက်ဝယ်ထားပြီး အသုံးပြုခွင့်ရရှိသူသည် ခွင့်ပြုချက် သက်တမ်းကုန်ဆုံးပြီးနောက် ထိန်းချုပ်ဓာတုပစ္စည်းကို ဆက်လက်၍ လက်ဝယ်ထားပြီး အသုံးပြုလိုပါက ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ရယူပြီး ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၂၉) ဖြင့် လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးရမည်။

၄၉။ ထိန်းချုပ်ဓာတုပစ္စည်းကို လက်ဝယ်ထားပြီး အသုံးပြုခွင့်ရရှိသူသည်-

(က) နည်းဥပဒေ ၄၆ အရ ထုတ်ပေးသော ခွင့်ပြုချက်ကို ထိန်းချုပ်ဓာတုပစ္စည်းလက်ဝယ်ထားပြီး အသုံးပြုသည့် နေရာတွင် ချိတ်ဆွဲထားရမည်။

(ခ) လက်ဝယ်ထားပြီး အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းများကို ပုံစံ(၃၀)ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ်စုစည်း၍ ထိန်းချုပ် ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ပေးပို့ရမည်။

(ဃ) လစဉ်မှတ်တမ်းများ၊ သုံးလတစ်ကြိမ် အစီရင်ခံစာများ၊ ပြေစာ၊ ဘောက်ချာများ၊ စာရင်းဇယားများကို အနည်းဆုံး နှစ်နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

(င) ထိန်းချုပ်ဓာတုပစ္စည်းကို တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ရာတွင် အသုံးပြုခြင်း မရှိစေရန် အထူးဂရုပြုရမည်။

(စ) ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

အခန်း(၁၀)

စစ်ဆေးခြင်း

၅၀။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် ထိန်းချုပ်ဓာတုပစ္စည်းကို တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုခြင်းရှိ၊ မရှိကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ရာတွင် အလွဲအသုံးပြုခြင်း ရှိ၊ မရှိကိုလည်းကောင်း စစ်ဆေးရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ကျွမ်းကျင်သူများ ပါဝင်သော စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅၁။ စစ်ဆေးရေးအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းကိစ္စများကို စစ်ဆေးပြီး ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို တင်ပြရမည်-

(က) ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်ခြင်း၊
(ခ) ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊
(ဂ) ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊
(ဃ) ပြည်ပနိုင်ငံတစ်ခုမှ တစ်ခုသို့ မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်း၊
(င) ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခြင်း၊
(စ) သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်း၊
(ဆ) သိုလှောင် ထိန်းသိမ်းခြင်း၊
(ဇ) သုတေသနပြုလုပ်ခြင်း၊
(ဈ) လက်ဝယ်ထားပြီး အသုံးပြုခြင်း။

၅၂။ စစ်ဆေးရေးအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၅၁ ပါ လုပ်ငန်းကိစ္စများကို စစ်ဆေးသည့်အခါ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာတွင် အလွဲအသုံးပြုကြောင်း သံသယ ဖြစ်ဖွယ်ရာ ရှိ၊ မရှိ အောက်ပါတို့ကို အဓိကထား၍ စစ်ဆေးရမည်။

(က) ခွင့်ပြုထားသော ထိန်းချုပ်ဓာတုပစ္စည်းကိုလည်းကောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းဖြင့် ထုတ်လုပ်ရန် ရည်ရွယ်သော ကုန်ပစ္စည်းကိုလည်းကောင်း ထုတ်လုပ်ခြင်း ဟုတ်၊ မဟုတ်၊

(ခ) ထုတ်လုပ်၍ရရှိသော ထိန်းချုပ်ဓာတုပစ္စည်းများ၊ ထွက်ရှိသော ကုန်ပစ္စည်းများ၏ အလေးချိန်၊ ပမာဏ၊ အရေအတွက်နှင့် ကိုက်ညီမှုရှိ၊ မရှိ၊

(ဂ) ထောက်ခံချက်၊ ခွင့်ပြုချက်ရရှိသော ထိန်းချုပ်ဓာတုပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သုတေသနပြုခြင်း၊ လက်ဝယ်ထားပြီး အသုံးပြုခြင်း ဟုတ်၊ မဟုတ်၊

(ဃ) ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက သွင်းကုန်ကြေညာလွှာ သို့မဟုတ် ပို့ကုန်ကြေညာလွှာပါ ကုန်ပစ္စည်းအရေအတွက်၊ အလေးချိန်နှင့် အမျိုးအစားမှန်ကန်မှု ရှိ၊ မရှိ၊

(င) လက်လီလက်ကား ဖြန့်ဖြူးရောင်းချသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ယင်းစာရင်းများ မှန်ကန်မှု ရှိ၊ မရှိ၊

(စ) ထုပ်ပိုးခြင်းနှင့် တံဆိပ်ကပ်ခြင်းများသည် မူရင်းထုတ်လုပ်သူ၏ အထုပ်အပိုးနှင့် တံဆိပ်များ မှန်ကန်မှုရှိ၊ မရှိ၊

(ဆ) ခွင့်ပြုချက်မရရှိသူအား ဖြန့်ဖြူးရောင်းချမှု၊ လွှဲပြောင်းပေးမှု ရှိ၊ မရှိ၊

(ဇ) သိုလှောင်ထိန်းသိမ်းထားသည့် ပစ္စည်းများဖြစ်ပါက သိုလှောင်ပုံစနစ်ကျနမှုရှိ၊ မရှိ၊ စာရင်းများ မှန်ကန်မှုရှိ၊ မရှိ၊

(ဈ) လစဉ်အစီရင်ခံစာနှင့် သုံးလတစ်ကြိမ် အစီရင်ခံစာများ၊ စာရင်းဇယားများ မှန်ကန်မှု ရှိ၊ မရှိ။

၅၃။ စစ်ဆေးရေးအဖွဲ့များသည် လွတ်လပ်သော ကုန်သွယ်ရေးဇုန်နှင့် အကောက်ခွန်မဲ့ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများအပါအဝင် မည်သည့်နေရာတွင်မဆို ထိန်းချုပ်ဓာတုပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်းပေးပို့ခြင်းတို့နှင့် စပ်လျဉ်း၍ နည်းဥပဒေ၅၂အရ စစ်ဆေးရမည့်အချက်များအပြင် တရားမဝင်သော လမ်းကြောင်းသို့ပြောင်းလဲ၍ အသုံးပြုကြောင်း သံသယဖြစ်ဖွယ်ရှိ၊ မရှိ အောက်ပါတို့ကို အဓိကထား၍ စစ်ဆေးရမည်။

(က) လိုအပ်သောလိုင်စင်၊ ပါမစ်၊ သွင်းကုန်ကြေညာလွှာ၊ ပို့ကုန်ကြေညာလွှာ၊ ကုန်ပို့လွှာ၊ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ၏ ထောက်ခံချက်၊ ခွင့်ပြုချက်စသည့် စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှုရှိ၊ မရှိ၊

(ခ) တင်သွင်း၊ တင်ပို့သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏အမည်၊ နေရပ်လိပ်စာ မှန်ကန်မှုရှိ၊ မရှိ၊

(ဂ) တင်သွင်း၊ တင်ပို့သည့်နိုင်ငံ၊ မြို့နှင့်ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတို့၏ အမည်မှန်ကန်မှုရှိ၊ မရှိ၊

(ဃ) တစ်ဆင့် သို့မဟုတ် ကြားခံဖြတ်သန်းသည့်နိုင်ငံ(ရှိလျှင်) မြို့နှင့်ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတို့၏ အမည်မှန်ကန်မှု ရှိ၊ မရှိ၊

(င) တင်သွင်း၊ တင်ပို့သည့်နေ့ရက်နှင့် တစ်ဆင့် သို့မဟုတ် ကြားခံဖြတ်သန်းသည့်နိုင်ငံ (ရှိလျှင်)တွင် ရောက်ရှိသည့်၊ ထွက်ခွာသည့်၊ ပြန်လည်တင်ပို့သည့် နေ့ရက်မှန်ကန်မှု ရှိ၊ မရှိ၊

(စ) တစ်ဆင့်သို့မဟုတ် ကြားခံဖြတ်သန်းသည့်နိုင်ငံ(ရှိလျှင်)မှ ပြန်လည်ထုပ်ပိုးခြင်း၊ လွှဲပြောင်းပေးခြင်းရှိ၊ မရှိ၊

(ဆ) တင်သွင်း၊ တင်ပို့သည့် ယာဉ်အမျိုးအစားနှင့် ယာဉ်အမည်၊ ယာဉ်မှတ်ပုံတင်ထားသည့် နိုင်ငံအမည်၊ ခရီးစဉ်အမှတ် မှန်ကန်မှု ရှိ၊ မရှိ၊

(ဇ) ထုပ်ပိုးနှင့် တံဆိပ်အမှတ်အသား မှန်ကန်မှု ရှိ၊ မရှိ၊ ပြောင်းလဲမှု ရှိ၊ မရှိ၊

(ဈ) တင်သွင်းခြင်း၊ တင်ပို့ခြင်းသည် သာမန်ထက် ပိုမိုထူးခြားခြင်း ရှိ၊ မရှိ၊ သမားရိုးကျတင်သွင်း၊ တင်ပို့ခြင်း ဟုတ်၊ မဟုတ်၊ တစ်ကြိမ်တစ်ခါ တင်သွင်း၊ တင်ပို့ခြင်း ဟုတ်၊ မဟုတ်။

(ည) တင်သွင်းသူ၊ တင်ပို့သူကိုယ်တိုင်၊ ပွဲစား သို့မဟုတ် ကိုယ်စားလှယ်ဖြင့် တင်သွင်းခြင်း၊ တင်ပို့ခြင်း ဟုတ်၊ မဟုတ်။

(ဋ) တင်သွင်းသည့် ကုန်ပစ္စည်းများအတွက် ငွေပေးချေမှု နည်းလမ်း မှန်ကန်မှု ရှိ၊ မရှိ။

(ဌ) တင်သွင်းသည့်၊ တင်ပို့သည့် နည်းလမ်းမှန်ကန်မှုရှိ၊ မရှိ။

၅၄။ စစ်ဆေးရေးအဖွဲ့များသည် နည်းဥပဒေ ၅၁ ပါ လုပ်ငန်းကိစ္စများကို စစ်ဆေးရာတွင် လုပ်ငန်းကိစ္စများကို ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်းကိုလည်းကောင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းကိစ္စများတွင် ထိန်းချုပ်ဓာတုပစ္စည်းပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက် ပို၍လျော့နည်းခြင်း ဖြစ်ကြောင်းကိုလည်းကောင်း၊ တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုကြောင်းကို လည်းကောင်းတွေ့ရှိပါက စစ်ဆေးတွေ့ရှိချက်ကို ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

အခန်း(၁၁)

စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ဝရမ်းကပ်ခြင်းနှင့် ချိပ်ပိတ်ခြင်း

၅၅။ စစ်ဆေးရေးအဖွဲ့များသည် နည်းဥပဒေ၅၁ပါ လုပ်ငန်းကိစ္စများကို စစ်ဆေးရာတွင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက-

(က) ဤနည်းဥပဒေများနှင့် မဆန့်ကျင်လျှင် စုံစမ်းစစ်ဆေးခြင်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ဝရမ်းကပ်ခြင်းနှင့် ချိပ်ပိတ်ခြင်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၏ အခန်း(၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၅၆။ စစ်ဆေးရေးအဖွဲ့များသည် ရှာဖွေသိမ်းဆည်းရမိသော ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်အလက်များကို ဖော်ပြပြီး ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ချက်ချင်း တင်ပြရမည်-

(က) ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအမည်၊ တံဆိပ်အမှတ်အသား၊ ထုပ်ပိုးပုံ၊ အထုပ်အရေအတွက်၊ တစ်ယူနစ်အလေးချိန်ပမာဏ၊ စုစုပေါင်း အလေးချိန်၊

(ခ) ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံ၊
(ဂ) ရှာဖွေသိမ်းဆည်းခြင်းခံရသည့် ပြစ်မှုကျူးလွန်သူအမည်၊
(ဃ) ရှာဖွေသိမ်းဆည်းသည့် နေ့ရက်နှင့် နေရာဒေသ၊
(င) တရားမဝင် အသုံးပြုသည့်ကိစ္စ၊
(စ) တရားမဝင်သောလမ်းကြောင်းသို့ ပြောင်းလဲပြီး အလွဲသုံးပြုသည့် နည်းလမ်းနှင့် တရားမဝင် ထုတ်လုပ်မှု(ရှိလျှင်) အကျိုးအကြောင်း ဖော်ပြချက်၊
(ဆ) မြန်မာနိုင်ငံမှတစ်ဆင့် သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် မြန်မာနိုင်ငံတွင် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်း(ဖြစ်လျှင်) တင်သွင်းသည့်နိုင်ငံ၊ ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် တင်သွင်းသူ၊ တင်ပို့သူအမည်၊
(ဇ) ရှာဖွေသိမ်းဆည်းရမိသော ထိန်းချုပ်ဓာတုပစ္စည်းနှင့်အတူ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအမျိုးအမည်၊ အလေးချိန်၊ ပမာဏ။

အခန်း(၁၂)

ဓာတ်ခွဲ စမ်းသပ် စစ်ဆေးခြင်း

၅၇။ ဥပဒေပုဒ်မ ၁၆(ခ)အရ ပြစ်မှုဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသော ထိန်းချုပ်ဓာတုပစ္စည်းကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးရန် ထုပ်ပိုးခြင်း၊ ချိပ်ပိတ်ခြင်း၊ အမှတ်အသားတံဆိပ်ဖြင့်ပိတ်ခြင်း၊ ပေးပို့ခြင်း၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်း၊ ပြန်ကြားခြင်း၊ သက်သေခံတင်ပြခြင်းတို့နှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၏ အခန်း(၇)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၅၈။ (က) စစ်ဆေးရေးအဖွဲ့ကဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းကဖြစ်စေ နည်းဥပဒေ ၅၁ ပါ လုပ်ငန်းကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ ထိန်းချုပ်ဓာတုပစ္စည်းကို ဓာတ်ခွဲစမ်းသပ်ရန် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ စစ်ဆေးမည့် ထိန်းချုပ်ဓာတု ပစ္စည်းနမူနာကို ဓာတ်ခွဲစမ်းသပ်ချက် ထုတ်ပေးရန် လျှို့ဝှက်သင်္ကေတ သတ်မှတ်ချိပ်ပိတ်၍ ဓာတ်ခွဲစမ်းသပ် စစ်ဆေးရေးဌာနသို့ဖြစ်စေ၊ နိုင်ငံတကာ အသိအမှတ်ပြုထားသော စစ်ဆေးရေးဌာန အဖွဲ့အစည်းသို့ဖြစ်စေ ပေးပို့၍ စစ်ဆေးနိုင်သည်။

(ခ) ဓာတ်ခွဲစမ်းသပ် စစ်ဆေးသည့်ဌာန သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူသည် ပေးပို့လာသည့် ထိန်းချုပ်ဓာတုပစ္စည်း နမူနာကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်ကို တောင်းခံသော ဌာန၊ အဖွဲ့အစည်းနှင့် လုပ်ငန်းရှင်သို့ ပေးပို့ပြီး ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ မိတ္တူပေးပို့ရမည်။ ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းကိစ္စဖြစ်လျှင် ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနများသို့လည်း မိတ္တူပေးပို့ရမည်။ ထိုဓာတ်ခွဲ စမ်းသပ်စစ်ဆေးချက်များကို မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားရမည်။

(ဂ) သက်ဆိုင်ရာ လုပ်ငန်းရှင်သည် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆိုင်ရာ ကုန်ကျစရိတ်ကို ကျခံရမည်။

အခန်း(၁၃)

အရေးယူခြင်း

၅၉။ ထိန်းချုပ်ဓာတုပစ္စည်းကို ဤနည်းဥပဒေများအရ ထုတ်ပေးသော ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းပြုပါက ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ အရေးယူရမည်။

၆၀။ ထိန်းချုပ်ဓာတုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် လက်ဝယ်ထားပြီး အသုံးပြုခြင်းတို့ကိုလည်းကောင်း၊ ခွင့်ပြုချက်မရှိဘဲ ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်ခြင်းကိုလည်းကောင်း၊ ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်းဖြစ်သည်ဟု မှတ်ယူ၍ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ အရေးယူရမည်။

၆၁။ ထိန်းချုပ်ဓာတုပစ္စည်းကို ဤနည်းဥပဒေများနှင့်အညီ ခွင့်ပြုချက်မရှိဘဲ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပနိုင်ငံတစ်ခုမှ တစ်ခုသို့ မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်း တို့ကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ သယ်ယူပို့ဆောင်ခြင်းဖြစ်သည်ဟု မှတ်ယူ၍ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ အရေးယူရမည်။

အခန်း (၁၄)

အထွေထွေ

၆၂။ အောက်ပါထိန်းချုပ်ဓာတုပစ္စည်းများ၊ ယင်းတို့နှင့် ပြုပြင်ဖော်စပ်ရောနှော၊ ထုတ်လုပ်ထားသည့် ဆေးဝါးများ၊ ဒြပ်ပေါင်းများနှင့် စပ်လျဉ်း၍ ဤနည်းဥပဒများအရ ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက်ရယူရန်မလို။ သို့ရာတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုပါက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုးနှင့် ဖော်စပ်ထုတ်လုပ်ထားပြီး ဆေးကုသရာ၌ အသုံးပြုသောဆေးဝါးများ၊

(ခ) အလွယ်တကူဓာတ်ခွဲထုတ်လုပ်၍ ပြန်လည်အသုံးမပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုး၏ ဒြပ်ပေါင်းများ၊ (ဥပမာ) ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုးဖြင့်ပြုပြင်၊ ထုတ်လုပ်ထားသည့် ဘက်ထရီအက်စစ်၊ အလှဆီ၊ အမွှေးနံ့သာ၊ ရေမွှေး၊ ဆပ်ပြာမွှေး၊ ဆိုးဆေး၊ ချေးချွတ်ဆေး၊ သုတ်ဆေး၊ ဓာတ်မြေဩဇာစသည့် အများပြည်သူအိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊

(ဂ) အောက်ပါအလေးချိန်၊ ပမာဏသို့မဟုတ် အရေအတွက်နှင့် အောက်ရှိသော အများပြည်သူ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ *

ခုနစ်ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်မြို့ ရွှေပြည်သာ ၆/၁၀ ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံ မဟာစည်ရိပ်သာ၌ ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် သာသနဒီပံ မဟာစည်ရိပ်သာ ဆရာတော် အရှင်သိရိန္ဒ(ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)နှင့် ပင့်သံဃာတော် အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဖြိုးခြည်ဩတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုပါသည်

ယုဝတီခင်ဦး

ဝတ်မှုံဝါဝါနှင့် အပွင့်ဖြူဖြူ ကံ့ကော်ပင်ပျိုတို့သည် မရမ်းကုန်းမြို့နယ် သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်အတွင်း နှစ်များမကြာမီ မွှေးထုံပျံ့သင်းကာ ပွင့်ကြပေတော့မည်။ ထိုနောက် ရင်ထဲအထိမွှေးပြီး အေးသွားစေမည့် ခရေပွင့်တွေလည်း လေအဝင့်တွင် ဘုရားကုန်းတော်ပေါ်၌ တဖွေးဖွေးနှင့် ငွေသင်ဖြူးခင်းပေတော့မည်။

မြန်မာအမျိုးသမီးများနေ့သည် ဇူလိုင်လ ၃ ရက်နေ့ဖြစ်ပါသည်။ အေးချမ်းသာယာသော နိုင်ငံတော်ကြီး၏ လူဦးရေ ထက်ဝက်ကျော်ရှိသည့် အမျိုးသမီးထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားနှင့် တစ်ပြေးညီတိုးတက်ဖွံ့ဖြိုးစေရန် ဦးနှောက်ထဲမှ အကြံဉာဏ်များ၊ နှလုံးသားထဲမှ မေတ္တာများ၊ ခန္ဓာကိုယ်မှ ခွန်အားများဖြင့် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုမည့် ချစ်စရာ၊ လေးစားစရာ အထိမ်းအမှတ်ဖြစ်သော သစ်ပင်စိုက်ပျိုးပွဲတော်ကိုလည်း အမြဲကျင်းပကြပါသည်။ ၂၀၀၄ ခုနှစ်တွင် သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ကံ့ကော်၊ ခရေတို့ကို ဇွန်လ ၂၀ရက်နေ့ နံနက် ၉နာရီက စိုက်ပျိုးခဲ့ကြသည်။

ထို့အပြင် ထိုနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ပြီး ကံ့ကော်ပင် စိုက်ပျိုးခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များသည် **"သက်ရှိလောက တည်မြဲဖို့-သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့"** ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးရန် သတ်မှတ် ထားသောနေရာများတွင် ရွှင်ရွှင်ပြုံးပြုံး ရှိနေကြသည်။ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဒုတိယဝန်ကြီးများလည်း တက်ရောက်ကြသည်။

၎င်းအပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာနာယက၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ တာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ စုံစုံညီညီ တက်ရောက်ကြသည်မှာ အားရဂုဏ်ယူဖွယ်ကောင်းလှပါသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်အသီးသီး သစ်ပင်စိုက်ပျိုးခဲ့ကြရာ ထိုနေ့က စုစုပေါင်းသစ်ပင် ၅၀၀ စိုက်ပျိုးခဲ့သည်ဟု သိရသည်။ သစ်ပင်စိုက်ပျိုးပွဲတော် အပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တိုင်းရင်းသားကျေးရွာတွင် မော်တော်ယာဉ်များ ဖြင့် လှည့်လည်ကြည့်ရှုကြသည်။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း စိမ်းပြာလဲ့လဲ့ တူညီဝတ်စုံများ၊ ဝင်းဝါရွှေရောင်ထမီနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသူများ၊ မြက်ခင်းရောင်စိမ်းစိမ်း၊ ရေကန်ပြာပြာ ဖြူနီဝါပြာပန်းမာလာများ၊ အင်းလေးရေကန်တွင် ခြေထောက်ဖြင့် လှေလှော်နေသူ အမျိုးသား၊ လှေဦးထိပ်တွင် ဆွမ်းအုပ်ပိုက်လျက်ရှိသော အင်းလေးသူ၊ ကချင်ရွာ၊ ကယားရွာ၊ ကရင်ရွာ၊ ချင်းရွာ၊ ဗမာရွာ၊ မွန်ရွာ၊ ရခိုင်ရွာ၊ ရှမ်းရွာတို့မှ တိုင်းရင်းသား၊ တိုင်းရင်းသူတို့နှင့် အပြန်အလှန် လက်ပြနှုတ်ဆက်ကြသည်။

ကျက်သရေဆောင် နန်းမြင့်မျှော်စင်ကြီး၊ ဖွဲကပင်တောင်၊ ကျိုက်ထီးရိုးစေတီ၊ ခါကာဘိုရာဇီတောင်၊ တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ထုက္ကန်သိမ်၊ စိမ်းပြာပြာ ရေကန်ထဲမှ ဖြူဖွေးနေသော ကြာဖူးကြာပွင့်များတို့ကလည်း အလှကျက်သရေ ဆောင်လျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တိုင်းရင်းသားကျေးရွာများသို့ ရောက်နေသကဲ့သို့ ခံစားရသည်။ ထိုနေ့က မြန်မာအမျိုးသမီးများနေ့ကို ရင်ထဲတွင် ကြည်နူးစွာ ကြိုဆိုခဲ့ရသည်ကို မမေ့နိုင်။

၂၆-၆-၂၀၀၄ ရက်နေ့ကလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တင်ဆက်သော ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုပြပွဲကို အမျိုးသားဇာတ်ရုံတွင် တင်ဆက်ခဲ့သေးသည်။ အဖိုးနှုန်းချိုသာသော ပြည်တွင်းဖြစ် အဝတ်အထည်များဝတ်ဆင်၍ ယဉ်ကျေးလှပလုံခြုံစွာ ဝတ်စားဆင်ယင်မှုကို တန်ဖိုးထား လေးစားတတ်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေးချီးမြှင့်သည်။

ပြပွဲသို့ တက်ရောက် ကြည့်ရှုကြသော အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေအတွင်းရေးမှူးနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် မျိုးဆက်သစ်ကျောင်းသူများသည် အမျိုးသားဇာတ်ရုံနှင့်အပြည့်ပင်။

မျိုးဆက်သစ် ကလေးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲမကျင်းပမီပင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၏ လှပစွာ ကျက်သရေရှိသော ဝတ်စားဆင်ယင်မှုများကို မြင်လိုက်ရ၍ အမောပြေသွားပါသည်။ ပြဇာတ်စင်မြင့်တွင် ပြင်ဆင်ထားပုံကလည်း လှပသေသပ်သည်။ မနိမ့်မမြင့် လှေကားထစ်များ၊ တစ်ဖက်တစ်ချက်တွင် ဆင်ထားသော ခံ့ခံ့ညားညား ရုပ်မြင်သံကြားစက်များကို ကြည့်နေစဉ် အခမ်းအနားမှူးက အစီအစဉ်ကို ကြေညာပြီးသည်နှင့် မျက်တောင်မခတ်မိဘဲ ငေးကြည့်ရသော မျိုးဆက်သစ် ကျောင်းသူကလေးများ၏ ဝတ်စားဆင်ယင် ပြင်ဆင်ထုံးဖွဲ့မှုများမှာ ချစ်စဖွယ်နှင့် တင့်တယ်လှပေသည်။

မျိုးဆက်သစ်ကလေးများ၏ ရုပ်ကလေးများကလည်း လှပချောမွေ့၍ ကျက်သရေရှိသည်။ ချည်ထည်၊ ပိုးထည်နှင့် တိုင်းရင်းသားရိုးရာ အဝတ်အထည်များကို ခေတ်မီယဉ်ကျေးလှပသော ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုံးချိုချိုချစ်စရာ မျက်နှာဖြင့် ကိုယ်လုံးသွယ်သွယ် ယဉ်ကျေးသိမ်မွေ့စွာ တင်ဆက်ပြသရာ ဧည့်သည်တော်များအားလုံး ရွှင်ပြုံးကာ တစ်ခဲနက်အားပေးကြရသည်။

ကျောက်စိမ်းမဟေသီ အမည်ဒီဇိုင်းဖြင့် ဝတ်စားဆင်ယင် ထားသူကလေးသည် မြစိမ်းမင်းသမီးလားဟုထင်ရသည်။ ထို့အတူပင် ရာမညသမီးပျိုအမည်ဖြင့် တောက်ပသော အနီရောင် ဝတ်စားဆင်ယင်မှု၊ မဟူရာငွေစင်း အမည်ရှိ အနက်ရောင် ပြောင်ထမီနှင့် ငွေစင်းအင်္ကျီဒီဇိုင်း၊ ပတ္တမြားဒေဝီ၊ ရွှေအင်ကြင်း၊ မဟူရာသင်္ဂီ၊ ထို့နောက် တောင်လှေကားအမည်ရှိ အင်္ကျီနှင့်ချိပ်လုံချည် ဒီဇိုင်းမှာလည်း မက်မောဖွယ်ရာ၊ အင်းလေးဆည်းဆာ ဒီဇိုင်းမှာလည်း တကယ်ပဲ အင်းလေးကန် ညနေစောင်းမှ နေရောင်ခြည်အောက်တွင် ရောက်သွားသကဲ့သို့ ခံစားရသည်။ မနောသဇင်အမည်ဖြင့် လုံချည်နှင့် အင်္ကျီလက်ရှည် အနီတွင် ပန်းသဇင်နွယ်ခက်များဖြင့် ယဉ်ယဉ်ကလေး ဝတ်ဆင်ထားသည့် အလှမျိုးစုံ၊ ဒီဇိုင်းမျိုးစုံနှင့် မျိုးဆက်သစ်ကျောင်းသူ ကလေးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ရှုမြင်ရသည်မှာ သဘောကျလွန်းသဖြင့် လက်ခုပ်သြဘာပေးသံများ ဝေစည်သွားပါသည်။

ဝတ်စားဆင်ယင်မှုပြပွဲတွင် မျိုးဆက်သစ် ကျောင်းသူကလေးများ ငါးယောက်တစ်အုပ်စု၊ အားလုံး ၁၅ ဦးပါဝင်ပြသကြသည်။ ပထမတစ်ကြိမ် ဝတ်စားဆင်ယင်မှုများပြသပြီး ဒုတိယအကြိမ်အတွက် ပြင်ဆင်နေချိန်တွင် တေးသံရှင်များက သာယာချိုအေးသော တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ ဒုတိယတစ်ကြိမ် တင်ဆက်ပြသသော မျိုးဆက်သစ်ကလေးများမှာလည်း ချည်ထည်၊ ပိုးထည်တို့ဖြင့် လှပယဉ်ကျေးစွာ ဝတ်ဆင်ပြသသွားရာ ကြည့်ရှု၍ မဝနိုင်ဖြစ်ရပါသည်။

ထို့နောက် အခမ်းအနားမှူးက ပြပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးကြသူများအားလုံးကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျေးဇူးအထူး တင်ရှိပါကြောင်း ပြောကြားသည်။ ဟသ်ာတမြင့်ငွေ ရေးစပ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ပြုတေး **"အင်အားသစ်များနှင့်အတူ"** တေးသီချင်းကို တေးသံရှင်အယ်လ်ခွန်းရီက သာယာကြည်အေးသော အသံဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။ ပြပွဲတွင် ပံ့ပိုးကူညီသူများ၊ ပါဝင်သရုပ်ဆောင်သူများကိုလည်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပါသည်။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြရာတွင်လည်း ပညာရေး၊ သုတ၊ ရသတို့နှင့်ပြည့်စုံသော မြန်မာအမျိုးသမီးရေးရာမဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် မြန်မာအမျိုးသမီးငယ်များ အမျိုးအနွယ်ကိုစောင့်ထိန်းရေး၊ ရိုးရာယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးချစ်စိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများရေးတို့အတွက် အမျိုးသားရေးအသိစိတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် မြို့ဝင်၊ မြို့ထွက်တွင် သန့်ရှင်းသာယာလှပရေးအတွက် ဇန်နဝါရီ ၁၀ ရက်တွင် စိုက်ပျိုးမွေးမြူရေးခြံရှေ့ ပြည်ထောင်စုလမ်းဘေးဝဲ၊ ယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းကြီးကြပ်ဆောင်ရွက်စဉ်။ (ပြည်နယ်/စည်ပင်)

ပဋ္ဌာန်းသမုပ္ပာဒ် သစ္စာတရားတော် တနင်္ဂနွေညစဉ် ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂

ကျောက်တံတားမြို့နယ် လမ်း(၄၀)အထက် သာသနာ့ရောင်ခြည်ဓမ္မာရုံတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ(ပိဋကတစ်ပုံအောင် ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ)က ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာတရားတော်မြတ်ကို ဇူလိုင်လအတွင်း (တနင်္ဂနွေနေ့)တိုင်း ညစဉ် ၇နာရီမှ စတင်ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "မြန်မာပြည်သားအရှင်ပုဏ္ဏ"**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** ပထမနှစ်(အထူးပြုအားလုံး) The Force of Gravity
- ၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း -၂)**
- ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ အရှင်ဇနကာဘိဝံသ၏ထေရုပ္ပတ္တိ (သိဏပင်လယ်ပြင်ကိုစတင်ကူးခတ်ခြင်း)
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ သားဆိုးသားမိုက်" (အပိုင်း-၅) ဇာတ်သိမ်း**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ

ကရင်ပြည်နယ် သံတောင်မြို့ကို တောင်စခန်းမြို့အဖြစ် တည် ဆောက် လျက် ရှိ ရာ သံတောင် တောင်စခန်းမြို့၏ တိုးတက် ဖွံ့ဖြိုးလာသော မြင်ကွင်းကို တွေ့ရစဉ်။

ဓာတ်ပုံ–ကျင်အေး(နယ်စပ်/စည်ပင်)

ပဲခူးတိုင်း (အနောက်ပိုင်း)၊ သဲကုန်းမြို့နယ်၊ ဝက်ပုတ်ကျေးရွာ ကျေးလက်အိမ်ရာများ အနီးတွင် ဂါလန် ၄၀၀ ဆံ့ရေကန်မှ သန့်ရှင်းသောရေ ဖြန့်ဝေပေးနေစဉ်။

(ဓာတ်ပုံ–စည်ပင်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းများတွင် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့ ဘုတလင်–မောင်းထောင် ကျေးလက်လမ်းပေါ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ထားသည့် ဆည်ဝတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ–၄၃၉)

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်တွင် တည်ဆောက်ထားသော ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ကွမ်းခြံကုန်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး စိုက်ပျိုးမြေ ဧက ၂၁၄၀၀ကို မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးကာ နွေစပါးအောင်ရေ အပြည့်အဝ ပေးဝေလျက်ရှိသည့် ကွမ်းခြံကုန်းရေထိန်းတံခါးကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

❀ ရှေ့ဖုံးမှ

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများ ဖြစ်ကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၁)၊ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေး မြို့သစ်အဖွဲ့၊ ရှမ်းပြည် အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်းချိ ဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ)အဖွဲ့တို့မှညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးတွင် သဘာပတိအဖြစ် အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ ဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့ကဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့် အနက် ညီလာခံ ကိုယ်စားလှယ် ၁၀၆၅ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၈၉ ရှိသဖြင့် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

ရှေးဦးစွာ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ်မှ ဦးမရန်တန်ဂွန်းက စတင်ဖတ်ကြားတင်ပြသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍကို ညီလာခံကိုယ်စားလှယ် ဧရာဝတီတိုင်းမှ ဒေါ်ခင်စောမူ ကဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ကရင်ပြည်နယ်မှ ဦးစောစိုးတင့်က ဖတ်ကြားတင်ပြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ်မှ ဦးမရန်တန်ဂွန်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ညီလာခံကိုယ်စားလှယ် ဧရာဝတီတိုင်းမှ ဒေါ်ခင်စောမူက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ခေတ္တရပ်နား

ထို့နောက် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နံနက်၁၀နာရီ၁၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀နာရီ

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ်မှ ဦးမရန်တန်ဂွန်းက စတင်ဖတ်ကြားတင်ပြသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ ဘဏ္ဍာရေးနှင့်

(သတင်းစဉ်)

၄၅ မိနစ်တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် မကွေးတိုင်းမှ ဦးကျော်ဆန်းကဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် နေ့လယ်စာ သုံးဆောင်ရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ခေတ္တရပ်နားသည်။

ဖတ်ကြားတင်ပြ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင် ဆက်သွယ်ရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ရန်ကုန်တိုင်းမှ ဦးလှအေးက ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ကိုယ်ပိုင်အုပ်

ဇူလိုင် ၂ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာတီယူဖစ်(ခ်)အာဘာဒါကကုန်းမြင့်သာရှိဗေယျာသီရိဗိမာန်သို့သွားရောက်၍၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၂ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မူမင်အလာနတ်က ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်း-ကျောဖုံး) (သတင်းစဉ်)

ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စု တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့(သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင်ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စု နယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကို ညီလာခံကိုယ်စားလှယ် မန္တလေးတိုင်းမှ ဦးသန်းဝင်းက ဆက်လက်ဖတ်ကြားတင်ပြသည်။ ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ညနေ၃နာရီတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ခုနှစ် ဇူလိုင် ၅ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

...ကဲဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင် ...ဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ...ဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ...ည့်မူများ ချမှတ်နိုင်ရေးအတွက် အလုပ်သမား ...လှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် ...ို ညီလာခံကိုယ်စားလှယ် ဧရာဝတီတိုင်းမှ ...ာမူက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ်ကရင်ပြည်နယ်မှ ဦးစောစိုးတင့်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ညီလာခံကိုယ်စားလှယ် မကွေးတိုင်းမှ ဦးကျော်ဆန်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ညီလာခံကိုယ်စားလှယ် ရန်ကုန်တိုင်းမှ ဦးလှအေးက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ညီလာခံကိုယ်စားလှယ် မန္တလေးတိုင်းမှ ဦးသန်းဝင်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

စီမံကိန်းကဏ္ဍကို ညီလာခံကိုယ်စားလှယ် ဧရာဝတီတိုင်းမှ ဒေါ်ခင်စောမူ ကဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ကရင်ပြည်နယ်မှ ဦးစောစိုးတင့်က ဖတ်ကြားတင်ပြသည်။

ခေတ္တရပ်နား

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၀နာရီ၁၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀နာရီ

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတကာကို ကြည့်မည်ဆိုပါက သိပ္ပံနှင့်နည်းပညာရပ်များ၏ အံ့မခန်းတိုးတက်ပြောင်းလဲမှုများနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးသည် သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများကို ရယူအသုံးချပြီး မိမိနိုင်ငံနှင့် မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး အတွက် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

ထို့ပြင် ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ် ဖွံ့ဖြိုးတိုးတက်မှု၌ အသာစီးရရှိနေသည့် နိုင်ငံကြီးအချို့သည် အယူဝါဒရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြချက်အမျိုးမျိုးကို ဖန်ပြပြီး ၎င်းတို့၏ အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အစီအမံများတွင် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များကို ခုတုံးလုပ် အသုံးချနေသည့် အခြေအနေများလည်း ကြုံတွေ့လျက်ရှိနေကြကြောင်း။

ကွာဟချက်နက်ရှိုင်း

ထိုကဲ့သို့ နိုင်ငံကြီးအချို့၏ အကွက်ချစီမံဖန်တီးမှုများသည် ကမ္ဘာ့နိုင်ငံများအကြား ရှိထားပြီးဖြစ်သည့် ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာကွာဟမှု၊ ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေကွာဟမှု၊ ကာကွယ်ရေးစွမ်းအား ကွာခြားမှုတို့ကို ပိုမိုကျယ်ပြန့် နက်ရှိုင်းစေလျက်ရှိသည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တို့တွင် တစ်ဖက်စောင်းနင်းအခြေအနေ ဖြစ်ပေါ်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေစည်းမျဉ်းကျင့်ဝတ်များကို လျစ်လျူရှုလုပ်ဆောင်မှုများကို ကြုံတွေ့လျက်ရှိနေပြီဖြစ်ကြောင်း။

ထိုကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနှင့်နည်းပညာရပ်များတွင် အမီလိုက်ပါနိုင်ရေးဆိုသည့် စိန်ခေါ်မှုများအပြင် မိမိနိုင်ငံမိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စေရေးတို့အတွက် ရှောင်လွှဲမရသည့် စိန်ခေါ်မှုများကိုပါ ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်စေမည့် အမျိုးသားရေးအားမာန်၊ အမျိုးသားရေးစွမ်းအားများဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှုစွမ်းအား၊ နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်စွမ်းအားတို့ကိုအခိုင်အမာ တည်ဆောက်ပြီး မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားအတွက် ခိုင်မာသော ရပ်တည်ချက်ဖြင့် ကာကွယ်စောင့်ရှောက် မြှင့်တင်သွားနိုင်မှသာ သူတစ်ပါး ဩဇာအာဏာလောင်းရိပ်အောက် ကျရောက်သွားမည့် အန္တရာယ်က လွတ်ကင်းပြီး ပြည်ထောင်စုကြီးလည်း တည်ငြိမ်အေးချမ်းစွာ ရပ်တည်နိုင်မည်ဖြစ်ကြောင်း။

သိမ်မွေ့နက်ရှိုင်းစွာ အရှိန်အဟုန်ဖြင့် ချိတ်ဆက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် ပညာရည်မြင့်မားသော လူမျိုး၊ အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသော လူမျိုးသာလျှင် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ထိုကဲ့သို့ စိတ်ဓာတ်နှင့် စွမ်းအားများ မိမိနိုင်ငံသူ၊ နိုင်ငံသားများအကြား ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရန်အတွက် ပညာရေးကဏ္ဍကပါ တာဝန်ယူဆောင်ရွက်သွားရမည့် အချိန်အခါကိုလည်း ရောက်ရှိနေပြီဖြစ်ကြောင်း။

အစဉ်လေ့လာသင်ယူ

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အခြေအနေအချိန်အခါ၏ တောင်းဆိုချက်များနှင့်အညီ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်ကဏ္ဍစုံတို့တွင် သက်ဆိုင်ရာသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး အမျိုးသားစွမ်းဆောင်ရည် အစဉ်ထာဝရ ထက်မြက်မြင့်မားနေစေရန် သိပ္ပံနှင့်နည်းပညာနယ်ပယ်ကဏ္ဍစုံတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ တည်ဆောက်ထားနိုင်စေရန်နှင့် အစဉ်အမြဲ လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာစေရန် မျှော်မှန်းပြီး အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်း အဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး အမျိုးသမီး အမျိုးသား မခွဲခြားဘဲ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီမျှစွာဖြစ်ထွန်းလာစေရန် မိမိသင်ယူလိုရာ ပညာရပ်များကို ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာစေရန် တစ်သက်ပန်လုံး စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် စနစ်တကျ စီမံကိန်းများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

ထို့ကြောင့် ၁၉၈၈ ခုနှစ် မတိုင်မီကာလက အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၃၂ခုသာ ရှိခဲ့ရာမှ ယနေ့ဆိုလျှင် ၁၅၆ခုအထိ ပေါ်ထွန်းလာခဲ့ပြီး ပြည်နယ်နှင့်တိုင်း မြို့ကြီးတိုင်းနှင့် ဖွံ့ဖြိုးရေးအထူးဒေသဟု သတ်မှတ်ထားသည့် ဒေသတိုင်းတွင် တည်ရှိနေသော မြို့ကြီးတိုင်းတို့တွင် တက္ကသိုလ်၊ သို့မဟုတ် ဒီဂရီကောလိပ်၊ သို့မဟုတ် ကောလိပ်တစ်ခုမဟုတ်တစ်ခု တည်ရှိနေပြီဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်

ပညာရပ်များရွေးချယ်သင်ယူနိုင်ခွင့်နှင့် ပတ်သက်၍လည်း ပညာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာတိုးတက်ဖြစ်ထွန်းမှုများနှင့် လိုက်လျောညီထွေစွာ အဆင့်မြှင့်တင်ပေးမှုများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ အစီအစဉ်များ တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ ပေါင်းစပ်ဘာသာရပ်များ၊ ပညာရပ်မျိုးကွဲများ တိုးချဲ့သင်ကြားပေးမှုတို့အပြင် တက္ကသိုလ်ကောလိပ်များ၌ ပုံမှန်ပညာရေးစနစ်နှင့် ယှဉ်တွဲပြီး လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများကိုပါ စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၈၈ခုနှစ်က ဘွဲ့ကြိုဘွဲ့လွန် သင်ကြားရေးအစီအစဉ် ၅၉မျိုးသာရှိခဲ့ရာမှ ယခုဆိုလျှင် ပုံမှန်သင်တန်းများ၌ သင်ကြားရေးအစီအစဉ် ၁၅၇မျိုး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ၌ သင်ကြားရေးအစီအစဉ် ၁၆၀နီးပါး ဖွင့်လှစ်သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

သင်ကြားမှု၊ သင်ယူမှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေရေး၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှုနည်းပညာရပ်များ တိုးတက်ထွန်းကားစေရေးနှင့် အသက်အရွယ်မရွေး၊ အချိန်အခါမရွေး၊ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရေးတို့အတွက် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် Electronic Data Broadcasting စနစ်ကို အခြေခံသည့် e-Learning Centre ၅၁ခု၊ Computer Training Centre ၁၄၃ခု၊ e-Education Resource Centre ၄၉ခု တက္ကသိုလ်နှင့် ကောလိပ်များတွင် ဖြန့်ကြက်တည်ထောင်ထားပြီးဖြစ်သကဲ့သို့ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များအကြား ကွန်ပျူတာကွန်ရက်များလည်း ချိတ်ဆက်ပေးထားပြီးဖြစ်သည့်အတွက် e-mail,Internet,Intranet,Video Conferencing စနစ်တို့အပြင် အချို့သော ပညာရပ်များကို Web-based Teaching System ခေါ်သည့် Online စနစ်ဖြင့် သင်ကြားပေးနိုင်နေပြီလည်းဖြစ်ကြောင်း။

အားပေးထောက်ကူ

ထို့အပြင် အဆင့်မြင့်ပညာ သင်ကြားသင်ယူမှု အဆင့်မြှင့်တင်နိုင်ရေးနှင့် အရည်အသွေးမြင့် လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရေးတို့အတွက် ဝါရင့်သမ္ဘာရင့် အတွေ့အကြုံရင့်ကျက်သော ပညာရှင်ကြီးများ ပါဝင်သည့် ပညာရှင်အဖွဲ့များ ဖွဲ့စည်းပေးထားပြီး ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများ၊ နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာအောင် နိုင်ငံတော်အစိုးရက အားပေးထောက်ကူ ပံ့ပိုးပေးလျက်လည်းရှိကြောင်း။

ထိုကဲ့သို့ တစ်နိုင်ငံလုံးတွင် ကွက်လပ်မကျန်အောင် တက္ကသိုလ်၊ ကောလိပ်များ ဖြန့်ကြက်ပေါ်ထွန်းနေပြီး အဆင့်မြင့်ပညာ လေ့လာသင်ယူနိုင်သည့် နိုင်ငံတကာအဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်းနေပြီဖြစ်သည့် အခြေအနေ အချိန်အခါကောင်းတွင် တက္ကသိုလ်ဆရာ၊ ဆရာမများ အားလုံးက ၎င်းဖြစ်ထွန်းနေပြီဖြစ်သည့် အခြေခံကောင်းများကို ပိုမိုထိရောက် အကျိုးရှိစွာ အသုံးပြုပြီးနိုင်ငံတော်၏ အမျိုးသားပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားလိုကြောင်း။

ဘဝတစ်သက်တာလုံး စဉ်ဆက်မပြတ် လေ့လာသင်ယူတတ်သည့် အလေ့အကျင့်ကို မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသားများတွင် စွဲမြဲစွာဖြစ်ထွန်းနေစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည့်အပြင် မိမိတို့ကိုယ်တိုင်လည်း စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း။

တီထွင်တိုးချဲ့

မိမိတို့တက္ကသိုလ်ကို တက္ကသိုလ်တည်ရှိရာဒေသ၏ ပညာရပ်ဆိုင်ရာ အရင်းအမြစ်တစ်ခု ဖြစ်လာစေရန်၊ ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် နေရာဌာနတစ်ခုဖြစ်လာစေရန်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုများအပါအဝင် လေ့လာစူးစမ်းမှု၊ သင်ကြားသင်ယူမှုလုပ်ငန်းများ တီထွင်တိုးချဲ့ ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များမှသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များကို မိမိတို့ကျွမ်းကျင်ရာ ပညာရပ်ဆိုင်ရာကဏ္ဍက ဖြည့်ဆည်းပေးနိုင်စေရန် အားထုတ်ကြိုးပမ်းကြရေးနှင့် အမျိုးသား စီးပွားရေးဘဝ တိုးတက်အောင်မြင်ရေး၊ အမျိုးသားလူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားယဉ်ကျေးမှုဘဝ ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် အထောက်အကူပြုနိုင်သည့် တက္ကသိုလ်ကြီးများဖြစ်လာစေရန် တက္ကသိုလ် ဆရာ၊ ဆရာမများအားလုံးက အမျိုးသားရေး အသိရှိရှိဖြင့် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

အထူးသဖြင့် မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသား လူငယ်များကို စာပေပညာသင်ကြားပေးရုံ သက်သက်သာမက တွေးခေါ်မြော်မြင် စဉ်းစားချင့်ချိန်နိုင်သည့် အသိဉာဏ်ပညာ တိုးတက်ဖြစ်ထွန်းအောင် တီထွင်ဖန်တီးနိုင်မှု စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုအရည်အသွေး၊ ရှာဖွေစူးစမ်းလေ့လာနိုင်မှု စွမ်းအားတို့ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသိအမြင်ကျယ်ပြန့်ပြီး အတွေးအမြင် ဗဟုသုတကြွယ်ဝစေရန်၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေး ခံယူချက်တို့ ဖြစ်ထွန်းလာစေရန်နှင့် နိုင်ငံတကာအခြေအနေကို ရှုမြင်သုံးသပ်နိုင်ပြီး အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယနေ့လူငယ်များကို ခေတ်ကာလနှင့် လျော်ညီသည့် အတွေးအမြင် ကျယ်စေရန်၊ နိုင်ငံတကာအတွေ့အကြုံနှင့် ဗဟုသုတများရရှိစေရန် ICT နည်းပညာရပ်များကို အားပေးမြှင့်တင်ပေးနေရုံသာမက ICT နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ ထူထောင်ပေးပြီး Internet ဆက်သွယ်ရေး စနစ်များ၊ Broadband ဆက်သွယ်ရေးစနစ်များနှင့် ဂြိုဟ်တုရုပ်မြင်သံကြားစနစ်များကတစ်ဆင့် နိုင်ငံတကာနှင့် ချိတ်ဆက်မိစေရန် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ယနေ့လူငယ်များ အသိအမြင်ပွင့်လင်းပြီး အတွေးအမြင်ဗဟုသုတ ပြည့်ဝခိုင်မာလာမှသာလျှင် နိုင်ငံတော်၏ အနာဂတ်ကို မှန်ကန်စွာ ထိန်းကျောင်းသွားနိုင်မည်ဖြစ်သည့်အပြင် အမျိုးသားရေးအကျိုးစီးပွား ဖော်ဆောင်ရေးကို ရေရှည်အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်တို့ကို မှန်ကန်စွာ ဖော်ဆောင်နိုင်အောင် နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးနေခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကာလကို တာဝန်ယူသွားကြရမည့် ယနေ့လူငယ်များအတွက် တည်ငြိမ်ခိုင်မာသည့် အနာဂတ်နှင့်အတူ ထိုက်တန်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ရှိသကဲ့သို့ မိမိတို့ထားရစ်ခဲ့သည့် အမွေခံကောင်းများ ဆက်လက်ရှင်သန်နေစေရန် ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေးအတွက် လိုအပ်သည့် အရည်အသွေး၊ စွမ်းရည်တို့ဖြင့် ပြည့်ဝသည့် လူငယ်များဖြစ်လာရေးကိုပါ ကြိုတင်လေ့ကျင့်ပျိုးထောင်ပေးရမည်ဟုလည်း နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ထို့ကြောင့် တက္ကသိုလ်ဆရာ၊ ဆရာမများအားလုံးက ယနေ့ကျောင်းသူ၊ ကျောင်းသား လူငယ်များအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းတည်ဆောက်ပေးနေသည့်နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ၊ အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးနှင့် ယနေ့ ကျောင်းသူ၊ ကျောင်းသား လူငယ်များကို နိုင်ငံတော်၏ အနာဂတ်တွင် နိုင်ငံရေး၊ စီး ပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ဆက်လက်တည်ဆောက်ကာကွယ်နိုင်သည့် စွမ်းအား၊ အရည်အသွေး၊ စိတ်ဓာတ်တို့ဖြင့် ပြည့်ဝလာစေရန် နိုင်ငံတော်၏ကိုယ်စား ပြုစုပျိုးထောင် လေ့ကျင့်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

စတင်အကောင်အထည်ဖော်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား ပြည်သူအများစုကြီး၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကို စီမံဆောင်ရွက်ရာတွင် နိုင်ငံတော် တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းနိုင်စေရေးနှင့် ပြည်ထောင်စုကြီးအရှည်တည်တံ့ ခိုင်ခံ့မှုကို အာမခံနိုင်သည့် အခြေခံကောင်းများပါ တစ်ပါတည်း ဖြစ်ထွန်းလာစေရေးတို့အတွက် စနစ်တကျ ထိန်းသိမ်းစီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ အခြေအနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်များကို တက္ကသိုလ် ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားများအားလုံးက သိမြင်ပြီး မိမိတို့ကျွမ်းကျင်ရာ ကဏ္ဍမှနေ၍ ပါဝင်ပံ့ပိုးကူညီဆောင်ရွက်ကြရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် လိုအပ်လျက်ရှိသည်ကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

● **စာမျက်နှာ ၁၀ မှ**

ယနေ့ နိုင်ငံတကာမျက်နှာစာတွင် စီးပွားရေးပြိုင်ဆိုင်မှုများ၊ နိုင်ငံရေးအငြင်းပွားမှုများ၊ လက်နက်ကိုင်ပဋိပက္ခဖြစ်မှုများ၊ သမိုင်းအစဉ်အဆက် ထိန်းသိမ်းပျိုးထောင်လာခဲ့ကြသည့် အပြည်ပြည်ဆိုင်ရာဥပဒေ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များကို လျစ်လျူရှုပြီး တစ်ဖက်သတ်လုပ်ဆောင်မှုများ၊ လူသားအချင်းချင်း အကြမ်းဖက်အနိုင်ကျင့်မှုများ စသည့် ပရမ်းပတာ ဖြစ်စဉ်ဖြစ်ရပ်များနှင့်အတူ ကမ္ဘာကြီး၏ အနာဂတ်သည်လည်း မရေရာမသေချာမှုများက ကြီးစိုးလွှမ်းမိုးနေသည်ကို တွေ့မြင်နေရလျက်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် ယနေ့ကမ္ဘာကြီးသည် ဆင်းရဲနွမ်းပါးမှုများ၊ ငတ်မွတ်ခေါင်းပါးမှုများ၊ ကပ်ရောဂါကျရောက်မှုများ၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများ၊ ရာသီဥတုဆိုးရွားဖောက်ပြန်မှုများ စသည့် အန္တရာယ်မြင်ကွင်းများဖြင့် ပြည့်လျှမ်းနေသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်ခံစားနေကြရလျက်ရှိကြောင်း။

ယင်းကဲ့သို့သော အခြေအနေအချိန်အခါမျိုးတွင် ယနေ့ကမ္ဘာကြီး၌ ကျရောက်နေသည့် အန္တရာယ်မြင်ကွင်းများ၊ ပဋိပက္ခတရားများ ပပျောက်သွားစေရေးအတွက်သမိုင်းအစဉ်အဆက်၌ ကမ္ဘာကြီးကို တည်ငြိမ်အေးချမ်းစေရန် စောင့်ရှောက်လာခဲ့သည့် အပြည်ပြည်ဆိုင်ရာဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ဓလေ့ထုံးတမ်းကျင့်ဝတ်များ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးများနှင့်အညီ နိုင်ငံအချင်းချင်း အပြုသဘော လက်တွဲပူးပေါင်း ကူညီဖေးမ ဆောင်ရွက်သွားကြမှသာ ယနေ့ကမ္ဘာကြီး၏ အနာဂတ်ရေးသည် တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုများဖြင့် ပြည့်ဝလာလိမ့်မည်ဟု ယုံကြည်ထားကြောင်း။

လက်တွဲတည်ဆောက်နေ

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံတကာ၌ မရေရာမသေချာသည့် အခြေအနေများ ဖြစ်ပေါ်နေချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းမြှင့်တင်ထားနိုင်သည့်အပြင် ယခင်တစ်ချိန်တစ်ခါက လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကို သွေးချင်းများအကြား ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းနေပြီး နိုင်ငံတော်အတွက် တိကျခိုင်မာသည့် အနာဂတ်ကို လက်တွဲကြိုးပမ်း တည်ဆောက်နေကြပြီဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများ လက်ရှိပကတိအခြေအနေမှန်များနှင့် အကိုက်ညီအဆီလျော်ဆုံးဖြစ်မည့်အပြင် တိုင်းရင်းသား ပြည်သူများအားလုံး၏ လိုအင်ဆန္ဒနှင့်လည်း အညီညွတ်ဆုံးဖြစ်မည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် တိုင်းရင်းသားလူမျိုးများ၊ လူထုလူတန်းစားအလွှာများ၊ နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်၏ အနာဂတ်အတွက် အခြေခံကောင်းများကို ပုံဖော်သွန်းလောင်းနေကြပြီဖြစ်ကြောင်း။

ထို့ကြောင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် တည်ငြိမ်ခိုင်မာသော အနာဂတ်ကို ပုံဖော်တည်ဆောက်ပေးနေသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမခြေလှမ်းဖြစ်သော အမျိုးသားညီလာခံကြီး ဆုံးခန်းတိုင် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်းသားပြည်သူများအားလုံးက ဆက်လက်ပြီး အားပေးကူညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိသည်ဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

– **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ့အလယ်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် အမျိုးသား ပညာရည်မြင့်မားမှုစွမ်းပကားဖြင့် ဖော်ဆောင်ပေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**

– **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီ ပညာရည်ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**

– **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နံနက် ၁၁နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊သင်တန်းသူ ဆရာ၊ ဆရာမ ၈၅၈ဦးတို့ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်–တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ **အခမ်းအနားတွင် သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲများဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၂

၂၀၀၄–၂၀၀၅ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတွင် ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ပို့ဆောင်ရေးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်း နှစ်ဂိုး။
(ထွန်းထွန်းဝင်း ပိုင်နယ်တီနှင့် ဇော်ထိုက်)
ပို့ဆောင်ရေး(က)အသင်း ဂိုးမရှိ။
ဒိုင်လူကြီး ဦးဝင်းချို။

အုပ်စုဒုတိယပွဲတွင် မမျှော်လင့်ဘဲ သစ်တောကို ရှုံးနိမ့်ခဲ့၍ ယနေ့ပွဲ အနိုင်ရရှိမှသာ အုပ်စုတက်ခွင့်ရမည်ဖြစ်သည့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ယခုပွဲအနိုင်ရလျှင် အုပ်စုတက်ရန် မျှော်လင့်ချက် မှိန်ပျပျရှိသော ပို့ဆောင်ရေး(က)အသင်းတို့ အနိုင်ရရှိရေး တက်ကုန်ရွက်စုံဖွင့် ကစားကြသော်လည်း ဘဏ္ဍာ/အခွန်အသင်းက အနိုင်ရရှိခဲ့၍ ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့်ရသွားသည်။

လယ်ယာထွက်ကုန်နိုင်

အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပသောပွဲတွင် လယ်ယာထွက်ကုန်အသင်းက သစ်တောရေးရာ အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

(ဂ)အုပ်စုများ ယနေ့ ပြီးဆုံးသွားပြီဖြစ်ရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်၊ လယ်ယာထွက်ကုန်၊ သစ်တောရေးရာအသင်းတို့ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ခြောက်မှတ်စီ တူနေကြသည်။ ပို့ဆောင်ရေးမှာ သုံးပွဲစလုံး ရှုံးသဖြင့် ရမှတ်မရရှိချေ၊ ဘဏ္ဍာ/အခွန်အသင်းက သွင်းဂိုးငါးဂိုး၊ ပေးဂိုးတစ်ဂိုး၊ အသားတင်ဂိုး လေးဂိုးဖြင့် အုပ်စုပထမရသွားပြီး လယ်ယာထွက်ကုန်နှင့် သစ်တောတို့မှာ သွင်းဂိုးရော၊ ပေးဂိုးပါ လေးဂိုးစီ တူညီနေခဲ့သည်။ ထို့ကြောင့် ယင်းနှစ်သင်း၏ အနိုင်အရှုံးကိုကြည့်ရာ လယ်ယာထွက်ကုန်က နိုင်ထားသဖြင့် အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်သွားပြီး သစ်တောမှာ ပို့ဆောင်ရေးနှင့် အတူ အုပ်စုမှ ထွက်ခဲ့ရသည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

စီးပွား/ကူးသန်းနှင့် တပ်မတော်ကြည်း(က)။

(ကြေးမုံ)

လျှပ်စစ်ဓာတ်အား ခေတ္တပိတ်မည်

ရန်ကုန် ဇူလိုင် ၂

လှော်ကား သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ သဘာဝဓာတ်ငွေ့ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်ငွေ့ပိုက်လိုင်းအချို့ကို ပြုပြင်ရန်ရှိပါသဖြင့် လှော်ကားသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များကို ဇူလိုင် ၄ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ ရပ်ထားမည်ဖြစ်သည်။

လှော်ကားဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များကို ခေတ္တရပ်ထားစဉ် ရန်ကုန်မြို့ပေါ်ရှိ ရပ်ကွက်အချို့နှင့် ရန်ကုန်တိုင်းအတွင်းမှ မှော်ဘီ၊ လှည်းကူး၊ ထောက်ကြန့်၊ တိုက်ကြီး၊ ဥက္ကံ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ ဒလ၊ ခနောင်တိုမြို့နယ်များ၊ ပဲခူးတိုင်းအတွင်းရှိ သာယာဝတီ၊ သုံးဆယ်၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်မြို့နယ်များ၊ ဧရာဝတီတိုင်းအတွင်းရှိ ညောင်တုန်း၊မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေးမြို့နယ်များကို ဓာတ်အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၄ခုနှစ်၊ ဇူလိုင်လ (၃)ရက်
မြန်မာအမျိုးသမီးများနေ့
MYANMAR WOMEN'S DAY

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃–၇–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၄။ နံနက်ခင်းသတင်း

၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇း၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈း၀၀ ၇။ သဖန်းဆိပ်ဘက်စုံရေလှောင်တမံ

၈း၁၅ ၈။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ Grammar Made Easy.

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၀ ၂။ တေးဂီတအစီအစဉ်

၁၁း၃၀ ၃။ ပြည်တွင်းသတင်း

၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်

၁း၁၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း–၅)**

၁း၅၀ ၇။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ (မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)

၂း၀၅ ၈။ **လောကနီတိ အိုးထိန်းသည် [ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ ဦးစောနိုင်(ရှမ်းပြည်)၊ အိဖြူစိုး] (ဒါရိုက်တာ–ခင်ဇော်)**

၂း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၂း၄၅ ၁၀။ International News.

၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ English For Everyday Use.

၄း၄၅ ၄။ တေးဂီတအစီအစဉ်

၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)

၅း၁၅ ၆။ အကပဒေသာ

၅း၃၀ ၇။ တေးဂီတအစီအစဉ်

၅း၄၅ ၈။ တေးပြုစာဆို မြမြင့်အောင်(မြင်းခြံ) ဆိုင်းအဖွဲ့ဖျော်ဖြေခန်း

၆း၀၀ ၉။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ

၆း၁၅ ၁၀။ Discovery

၆း၂၀ ၁၁။ မူးယစ်ဆန့်ကျင် အောင်ပွဲဆင်(အပိုင်း–၃)

၆း၃၀ ၁၂။ ညနေခင်းသတင်း

၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း–၂၅)**

၇း၃၀ ၁၅။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်

၇း၄၀ ၁၆။ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်အားမာန်

၈း၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသောအချစ် (အပိုင်း–၃)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ Excel Treasure Tower ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၂

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ နံနက် ၈နာရီတွင် ကျင်းပသည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဓမ္မစေတီလမ်းထောင့်ရှိ Excel Treasure Tower ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ Super Technology Construction (Tokyo Pipe) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ Excel Treasure Tower ဖွင့်ပွဲအခမ်းအနားကို အဆိုပါ Tower ရှေ့မျက်နှာစာ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် Super Technology Construction (Tokyo Pipe) ဥက္ကဋ္ဌ ဦးသိန်းဟန်တို့က Excel Treasure Tower ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က Excel Treasure Tower ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Excel Treasure Tower ရှိ အရောင်းခန်းမများကို လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် ဖွင့်ပွဲအစီအစဉ်များကို ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ Super Technology Construction (Tokyo Pipe) ဥက္ကဋ္ဌ ဦးသိန်းဟန်က Super Technology Construction ၏ ဆောက်လုပ်ရေးဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများနှင့် Excel Treasure Tower တည်ဆောက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စင်ကာပူနိုင်ငံ Pagol Industrial Pte: Ltd., မှ General Manager, Mr. Alistair Chung က ဂုဏ်ပြုစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်လှစ်ရောင်းချ

ယနေ့ဖွင့်လှစ်လိုက်သည့် Excel Treasure Tower မှာ အထပ် ၁၁ ထပ်ရှိပြီး အထပ်ပေါင်း ခုနစ်ထပ်၌ အခန်းပေါင်း ၁၂၆ ခန်း ဖွဲ့စည်းထားရှိကာ ၁၀ ယောက်စီး ဓာတ်လှေကားလေးစင်းပါဝင်၍ အရောင်းခန်းမများ၊ ရုံးခန်းများ၊ ဟိုတယ်လုပ်ငန်းအပါအဝင် လူနေအိမ်ခန်းများနှင့် အပေါ်ဆုံးထပ်၌ မင်္ဂလာခန်းမတို့ပါဝင်လျက် Excel Shopping Mall အရောင်းခန်းမများ၌ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ရတနာပစ္စည်းအမျိုးမျိုး၊ ဖက်ရှင်အမျိုးမျိုး၊ ရေမွှေး၊ မိတ်ကပ်နှင့် နှုတ်ခမ်းနီတို့ အပါအဝင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ နာရီအမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ အိတ်အမျိုးမျိုး အပါအဝင် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အထည်အလိပ်အမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ စားသောက်ဆိုင်များနှင့် Hyper Market တို့ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ (သတင်းစဉ်)

အရောင်းခန်းမများကြည့်ရှု

မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် Excel Treasure Tower ရှိ အရောင်းခန်းမများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် Super Technology Construction (Tokyo Pipe) ဥက္ကဋ္ဌ ဦးသိန်းဟန်တို့က Excel Treasure Tower ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကလေးသွားကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့်မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ရန်ကုန်အသင်းခွဲနှင့် Fair Deal Co., တို့၏စီစဉ်မှုအရ ပါမောက္ခ ဒေါက်တာမျိုးဝင်းပို့ချမည့် ကလေးသွား ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၄ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာ အသင်းသူ၊ အသင်းသားများ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂

သစ်တောရေးရာ ဝန်ကြီးဌာန၏ ၂၀၀၃–၂၀၀၄ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၀၄–၂၀၀၅ခုနှစ် လုပ်ငန်းလျာထားချက်များ ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန(ရုံးချုပ်)တော်ဝင်ခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာနနှင့်မြန်မာ့သစ်လုပ်ငန်းတို့မှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်နယ်/တိုင်းညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း တာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးက ၂၀၀၃–၂၀၀၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းပြောကြားပြီး ၂၀၀၄–၂၀၀၅ ခုနှစ် လုပ်ငန်းရည်မှန်းချက်နှင့်ပတ်သက်၍ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့က အကောင်အထည်ဖော် ဆောင်ရွက်မည့် စိုက်ခင်းကိစ္စများ၊ တရားမဝင်သစ်ခိုးမှု ပပျောက်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရေး၊ မြန်မာ့သစ်လုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လျာထားသတ်မှတ်ထားသည့် ပြည်တွင်း/ပြည်ပ ဝင်ငွေပြည့်မီအောင်ရရှိရေး၊သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် မြေတိုင်းဦးစီးဌာနမှ UTM စနစ်သို့ မြေပုံများပြောင်းလဲ ထုတ်လုပ်ရာတွင်လျာထားသည့် မြေပုံချပ်ရေ ပြီးစီးရေးတို့ကို ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အေဝမ်းစိုးမြင့် ခေတ်ပေါ်တေးဂီတအဖွဲ့မှ အနုပညာရှင်များအား ဂုဏ်ပြုဆုငွေ ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် "အေဝမ်းစိုးမြင့် ခေတ်ပေါ်တေးဂီတအဖွဲ့"က ဂန္ထဝင်တေးများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကာ ဂီတအနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

နားသောတဆင်အားပေး

အဆိုပါ ဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွှန့်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အေဝမ်းစိုးမြင့် ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာတွင် မေဘရဏီခိုင်က "တောင်းဆုမေတ္တာဝေ"၊တက္ကသိုလ်ကိုကိုဇော်က အက ဆုသျှားလတ်နှင့် တွဲဖက်၍ "ခိုင်မာလာနှင်းဆီ"၊ဆုသျှားလတ်က "မေတ္တာနုနု စေလိုသူ"၊ ခိုင်ရဲက "ဆရာမ"၊ ဟေမာနေဝင်းက "ဆောင်းကတ္တီပါ"၊ တင်ဦးလေးက "ဘာပဲလုပ်ရလုပ်ရ"၊ ထပ်ဆင့်အကယ်ဒမီ မြင့်မြင့်ခင်က"နပန်းဆံ"၊ သန်းမြတ်စိုးက "တူရိယာလုလင်"၊ ထပ်ဆင့်အကယ်ဒမီ ချို့ပြုံးက "တက္ကသိုလ်ကျောင်းက ငွေလမင်း"၊ ခင်မောင်ထူးက "ချစ်ခြင်းတရားနှင့် ပြည်ထောင်စု"၊ အေးအေးအောင်က "အရိပ်ပမာမခွဲမခွာ"၊ မောင်ထွန်းမင်းက "အချိန်ရမှ နားထောင်ပါ"၊ နွဲ့ယဉ်ဝင်းက "ရွှေပင်လယ်"၊ကေတုဝင်းထွဋ်က "နတ်ရှင်နောင်"၊ ကေဂျာနူးက "ခင်သလား၊ ချစ်သလား"၊ မောင်မောင်ကြီးက "အကျည်းတန်ချစ်သူ"၊ ဆုရည်က "မိုးယံမှသည်ချစ်သူဆီသို့"၊ ရာဇာဝင်းတင့်က "မခင်နှင်းဆီ"၊ ဂျိုဖုံးကိက"ဂျိမ်းဖောပွဲတော်"၊ ဂျိုဖုံးကိနှင့် ကေဂျာနူးတို့က "ကောက်ရိတ်သိမ်းပွဲတော်"၊ ကံ့ကော်တောမျိုးအောင်က "ရင်ကိုအေးမြစေသား"၊ တင်တင်မြက "တစ်ကျော့နှစ်ကျော့တေးကိုသီ" သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အေဝမ်းစိုးမြင့် ခေတ်ပေါ်တေးဂီတ အဖွဲ့သူအဖွဲ့သားများက "ဇာတိမာန်" သီချင်းကို သံပြိုင်သီဆို ဖျော်ဖြေတင်ဆက်ကြသည်။

ဆုချီးမြှင့်

အဆိုပါ ဖျော်ဖြေတင်ဆက်ပွဲတွင် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အေဝမ်းစိုးမြင့် ခေတ်ပေါ်တေးဂီတအဖွဲ့မှ အနုပညာရှင်များအား ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းကို ပေးအပ်ချီးမြှင့်ရာ အေဝမ်းစိုးမြင့်နှင့် တေးသံရှင် တင်တင်မြတို့က လက်ခံကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းက ဂုဏ်ပြုဆုငွေကျပ် ၁၀၀၀၀၀ နှင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)က ဂုဏ်ပြုဆုငွေကျပ် ၁၀၀၀၀၀ တို့ကို အနုပညာရှင်များအား ချီးမြှင့်ရာ အနုပညာရှင်များကိုယ်စား အေဝမ်းစိုးမြင့်က လက်ခံသည်။

ထို့ပြင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များကလည်း တေးသံရှင်များ သီဆိုဖျော်ဖြေ တင်ဆက်နေစဉ်တွင် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တေးသံရှင်များက ဂန္ထဝင်တေးများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အေဝမ်းစိုးမြင့် ခေတ်ပေါ်တေးဂီတအဖွဲ့က ဂန္ထဝင်တေးများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ (သတင်းစဉ်)

*** စာမျက်နှာ ၅မှ အဆက်**

အိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံးဖြစ်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ–

(၁) အက်စစ်တစ်အင် ဟိုက်ဒရိုက် – ၁၀ လီတာ
(၂) ပိုတက်စီယမ် ပါမင်းဂနိတ် – ၅ ကီလိုဂရမ်
(၃) အက်စီတုန်း – ၁၀ လီတာ
(၄) အီသိုင်းလ် အီသာ သို့မဟုတ် ဒိုင်အီသိုင်းလ် အီသာ – ၁၀ လီတာ
(၅) ဟိုက်ဒရိုကလိုရစ် အက်စစ် – ၅၀ လီတာ
(၆) ဆာလ်ဖြူရစ်အက်စစ် – ၅၀ လီတာ
(၇) တော်လူအင်း – ၁၀ လီတာ

(ဃ) ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်လက်မှတ်ရ ဆရာဝန်နှင့် လူနာများက ဝယ်ယူသုံးစွဲခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ။

၆၃။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့တို့က တင်ပြသည့် အချက်များကို လည်းကောင်း စစ်ဆေးရေးအဖွဲ့များက တင်ပြသည့် ရှာဖွေသိမ်းဆည်းရမိသည့် အချက်များကို လည်းကောင်း၊ ခွင့်ပြုချက်ရရှိသူများ၏ တင်ပြချက်များနှင့် အခြားသော နည်းလမ်းဖြင့်ရရှိသော သတင်းအချက်အလက်များကိုလည်းကောင်း အခြေခံ၍ အောက်ပါအချက်အလက်များကို ဖော်ပြပြီး သတ်မှတ်သည့်အတိုင်း မူးယစ်ဗဟိုအဖွဲ့သို့ တင်ပြရမည်–

(က) ထိန်းချုပ်ဓာတုပစ္စည်း ရှာဖွေဖမ်းဆီးခြင်းနှင့် စပ်လျဉ်း၍–

(၁) ရှာဖွေသိမ်းဆည်းရမိသော ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအမည်၊ တံဆိပ်အမှတ်အသား၊ ထုပ်ပိုးပုံ၊ အထုပ်အရေအတွက်၊ တစ်ယူနစ်အလေးချိန်ပမာဏ၊ စုစုပေါင်းအလေးချိန်၊

(၂) ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံ၊

(၃) ရှာဖွေသိမ်းဆည်းခြင်းခံရသည့် ပြစ်မှုကျူးလွန်သူအမည်၊

(၄) ရှာဖွေသိမ်းဆည်းသည့်နေ့ရက်နှင့် နေရာဒေသ၊

(၅) တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ အလွဲအသုံးပြုသည့်ကိစ္စ၊ အလွဲအသုံးပြုသည့် နည်းလမ်းနှင့် တရားမဝင်ထုတ်လုပ်မှု(ရှိလျှင်) အကျိုးအကြောင်း ဖော်ပြချက်၊

(၆) မြန်မာနိုင်ငံမှတစ်ဆင့်ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်း(ဖြစ်လျှင်) တင်သွင်းသည့်နိုင်ငံ၊ တင်ပို့သည့်နိုင်ငံ၊ တင်သွင်း၊ တင်ပို့သည့် ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းအမည်၊ တင်သွင်းသူ၊ တင်ပို့သူအမည်နှင့်လိပ်စာ၊

(၇) ဖမ်းဆီးရမိသော ထိန်းချုပ်ဓာတုပစ္စည်းနှင့်အတူ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအမျိုးအမည် အလေးချိန်၊ ပမာဏ။

(ခ) ထောက်ခံချက်၊ ခွင့်ပြုချက်ဖြင့် ပြည်ပမှ တင်သွင်းသည့်၊ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံကို ဖြတ်သန်းသယ်ယူပို့ဆောင်သည့် ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍–

(၁) တင်သွင်း၊ တင်ပို့သည့် ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအမည်၊ တံဆိပ်အမှတ်အသား၊ ထုပ်ပိုးပုံ၊ အထုပ်အရေအတွက်၊ တစ်ယူနစ်အလေးချိန်ပမာဏ၊ စုစုပေါင်းအလေးချိန်၊

(၂) တင်သွင်း၊ တင်ပို့သည့်နိုင်ငံနှင့် ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းအမည်၊

(၃) ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံအမည်၊

(၄) တင်သွင်း၊ တင်ပို့သောလုပ်ငန်း၊ ဌာန၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်အမည်၊ ရာထူးနှင့် လိပ်စာ၊

(၅) သယ်ယူပို့ဆောင်မည့် ယာဉ်အမျိုးအစား၊ ခရီးစဉ်အမှတ်၊

(၆) တင်သွင်း၊ တင်ပို့မည်နေ့ရက်၊

(၇) ပြည်ပနိုင်ငံတစ်ခုခု၏ လွတ်လပ်သော ကုန်သွယ်ရေးဇုန်နှင့် အကောက်ခွန်မဲ့ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခြင်း၊ တစ်ဆင့်တင်သွင်းခြင်း၊ တစ်ထောက်ရပ်နားခြင်း၊ နိုင်ငံဖြတ်ကျော်ခြင်းဖြစ်လျှင် ယင်းနိုင်ငံ ဇုန်၊ ဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း၊

(၈) တစ်ဆင့်တင်သွင်းသည့်နိုင်ငံ၊ တစ်ထောက်နားသည့် နိုင်ငံ၊ ဖြတ်ကျော်သည့် နိုင်ငံ(ရှိလျှင်) ထိုနိုင်ငံအမည်၊ ထိုနိုင်ငံသို့ ဆိုက်ရောက်မည့် နေ့ရက်၊ ဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထိုနိုင်ငံမှ ထွက်ခွာမည့် နေ့ရက်၊ ဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း၊

၆၄။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် ဤနည်းဥပဒေများအရ ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍ ထောက်ခံချက်နှင့် ခွင့်ပြုချက်တို့ ထုတ်ပေးခြင်းအတွက် ပေးဆောင်ရမည့် အခကြေးငွေနှင့် ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

(ခ) ဤနည်းဥပဒေများအရ ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက်နှင့် ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ခွင့် ရရှိသူတို့သည် နည်းဥပဒေခွဲ (က)အရ သတ်မှတ်ထားသော အခကြေးငွေများကို ပေးဆောင်ရမည်။

၆၅။ မူးယစ်ဗဟိုအဖွဲ့သည် နည်းဥပဒေ ၅၁ ပါ လုပ်ငန်းကိစ္စ တစ်ခုခုနှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ခွင့်ပြုချက်ရယူရန် လျှောက်ထားခြင်းမှ စည်းကမ်းချက်များ သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ပုံ)
ဗိုလ်မှူးကြီးတင်လှိုင်
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ 'ပန်း'ဒါန

※ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီက ဦးဆောင်လျက်"ထာဝရ ဒါန" "အရိပ်အလှူ ပန်းအလှူ"ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

※ "မနာပ ဒါယီ လဘတေ မနာပံ"
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ်ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

※ အာရာမရောပ ဒါန = ပန်းပင်သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန = အရိပ်ကောင်းသောသစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း...တို့သည်
ဥပဿယ ဒါန = ဇရပ် တန်ဆောင်း၊ ဂူကျောင်းပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်း...နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း
ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

※ "သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း"

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင် ဘက်စုံထောင့်စုံ အာရုံညွတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက် "အရိပ်ရပင်များ""ပန်းအလှပင်များ"စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

※ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန(နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင် ကိုယ်ကြပ် ပန်းကပ်ဆက်လှူ
ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရှက်ဆောင်ကြပါစို့။

※ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သော အပင်များကို သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

			လိုအပ်သောအရေအတွက်	တစ်ပင်နှုန်း
အရိပ်ရပင်	–	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
		ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
		အုန်းငှက်ပျော	၁၆၁၅၀၀၀	
ပန်းအလှပင်	–	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
(Ground		ရွှက်လှ	၆၁၇၈	ကျပ် ၁၅၀
Cover)		ပိန်း	၁၃၉၄	ကျပ် ၂၀၀၀–၁၀၀၀၀
		ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
		ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
		ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
		ပုဏ္ဏာရိုက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
		စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
		ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
		ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
		နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
		ပျိုမနိုင်	၄၂၀	ကျပ် ၂၀၀
		ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
		ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
		ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
		ကိုယ်ရုံလေး	၁၅၈၆၀	ကျပ် ၁၅၀
		စလူ	၂၀၉၅	ကျပ် ၅၀၀
		ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
		ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
		ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
		ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန

လှူဒါန်းရန်ကာလ – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ

ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း–၂၅၁၈၅၁၊၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၇၁/၁၇၅)နေ (ဦးကျော်ရှင်း)+ဒေါ်တင်တင်တို့၏ သား

မောင်သိန်းနိုင်
B.Sc (Chemistry),MBA
Manager (Commercial,) Myanma Railways

နှင့်

ရန်ကုန်မြို့၊တာမွေမြို့နယ် ဦးဘကျော်လမ်းGood Morning ရိပ်မွန်၊အမှတ်(၇၂ A/B)နေ ဦးစိုးနိုင်+ဒေါ်တင်တင်နွယ်တို့၏ တစ်ဦးတည်းသော သမီး

မနှင်းနွယ်စိုး(ခ)ဝေဖြိုးဦး
B.A (Hons;) English, MBA
Director, Sky Line Travels & Tours Co.,Ltd.

တို့၏ ၂၇–၆–၂၀၀၄ (တနင်္ဂနွေနေ့) Traders Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှအောင်သိန်းနှင့် ဇနီး ဒေါ်အေမီခိုင်၊ ကြွရောက်ချီးမြှင့်ပေးကြပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီး ဒေါ်တင်တင်ညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ ဇနီး ဒေါ်ခင်ခင်အေး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဇနီး ဒေါ်ခင်မာအေး၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်ဇနီး ဒေါက်တာ ဒေါ်ရီရီထွေး၊ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ဇနီး၊ ဦးလှမြင့်ဦးနှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ ဌာန ဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ သတို့သား၊သတို့သမီးအရံ ကိုဇော်ဖန် MBAနှင့် မချိုသီရိမောင် MBA ၊မင်္ဂလာပန်းကြဲပေးသော မမြေ့မို၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ် ဗန်းကိုင်ဆောင်ပေးသော မအိမ့်မြင့်မိုနှင့် မကျော့ရှင်းကိုကို၊ မေတ္တာဖြင့် စိန်လက်ဝတ် ရတနာဆင်မြန်းပေးသော ရွှေနန်းတော်ရတနာရွှေဆိုင်မှ ဒေါက်တာအောင်ကျော်ဝင်းနှင့် ဒေါက်တာသက်သက်ခိုင် MBA၊ မိတ်ကပ်၊ ဆံပင်၊ မင်္ဂလာဝတ်စုံ ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေး ဒေါ်တင်တင်မြနှင့် A-1ဦးစိုးမြင့် တေးဂီတအဖွဲ့၊ဗီဒီယိုဓာတ်ပုံဦးအကိုင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့သော အကြီးအကဲများနှင့် ဆွေမျိုးမိတ်ဆွေများ၊ Traders Hotel မှ ဝန်ထမ်းများ၊ SS Food Channel တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဦးတင်ဝင်း (JICA)နှင့် ဇနီး ပါမောက္ခ ဒေါက်တာဒေါ်နုနုရင်၊ မိတ်ဆွေသူငယ်ချင်းများ၊အဘက်ဘက်မှ ကူညီဆောင်ရွက် ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သိန်းနိုင်+မနှင်းနွယ်စိုး(ခ)ဝေဖြိုးဦး

အချစ်ဆုံးသားငယ်ဝင်းမင်းမင်းထွန်း
(Final Year Computer)

သားငယ်ရဲ့၃–၇–၂၀၀၄ရက်နေ့တွင် ပြည့်မြောက်သည့် (၁၉)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး တိုင်းပြည်အတွက် ထူးချွန်ထက်မြက်ပြီး စွမ်းစွမ်းတမံဆောင်ရွက်နိုင်တဲ့ သားကောင်းရတနာတစ်ဦးဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဖေဖေ– ဦးလှထွန်း–မေမေ ဒေါ်သန်းရွှေ
မမကြီး – မစန်းစန်းမောင်(မြန်မာအသံနှင့် ရုပ်မြင်သံကြား)
မမလတ်– မစန်းစန်းအေး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ကိုဇော်ဝင်းအောင်
မမငယ်– မမြင့်မြင့်နိုင်(B.Sc.,Bot)
ကိုကို– ကိုဇော်ဇော်ထွန်း(B.Sc.,Bot)–မယဉ်ယဉ်နု (B.Sc.,Zoo)
ချစ်တူမလေးများ– ကစ်ကစ်၊ ရဲရဲလေး

ရွာရန်ရာနှုန်း(၈၀)

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

စူပါသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂

အများကြီးညံ့နေသေးတယ်ဆိုတဲ့ အေးဝတ်ရည်သောင်း၊ ဘတ်ချော အွန်းနဲ့လီဆောင်းဦးတို့ရဲ့တကယ့် အချစ်ဇာတ်လမ်း၊ မေလဖွားဒွေးအိမ်ကနတ်ကနား၊ ချောစုခင်နှင့် သူ့ဘဝ သူ့အတွေးသူ့အနုပညာ၊ ကျန်စစ်မင်း ဇာတ်ညွှန်းစာအုပ်ထုတ်လေမလား၊ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး အဆိုကျော်ဂျေလို(သို့) ၂၁ရာစု အဲလီဇဘက်တေလာရဲ့ တတိယမြောက်အိမ်ထောင်ရေး အပါအဝင် ပြည်တွင်းပြည်ပ ရုပ်ရှင်ဂီတအနုပညာ နယ်ပယ်မှ စူပါတို့၏ အတွင်းရေး အပြင်ရေးများနှင့် အတူ တင်မိုးလွင်၏ စတိုင်အလှရောင်စုံဓာတ်ပုံကြီးဖြင့် "စူပါ" သတင်းဂျာနယ် အမှတ်(၂၀)ကို ဆင်တောင်ကြီး စာပေ၊ အမှတ်(၄၁)၊ ၂၉လမ်း၊ ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်း သိရသည်။ (က–ပ)

ကျောက်ဆည်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂

ကျောက်ဆည်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီး ပူဇော်ပွဲကို ဇူလိုင် ၁၀ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျောက်ဆည်အသင်း(ရန်ကုန်) အသင်းဝင်များ၊ အသင်းမဝင်ရသေးသည့် ကျောက်ဆည် ခရိုင်သူ/သားများ တက်ရောက်ကြပါရန်နှင့်ပါဝင်လှူဒါန်းလိုပါကဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း) ဖုန်း–၀၉–၉၉–၂၆၄၄၃၊ ဒုတိယဥက္ကဋ္ဌဦးတင်လှိုင် ဖုန်း–၆၂၅၂၆၂ ဦးမြင့်လွင်ဖုန်း–၅၇၃၃၇၂၊အတွင်းရေးမှူးများ ဦးကျော်မြအောင် ဖုန်း–၆၈၀၈ ၅၁၊ဦးအောင်စိုးလွင် ဖုန်း–၅၄၄၁၂၃၊ ဦးခင်မောင်မြင့် ဖုန်း–၆၆၆၄၇၈၊ဒေါ်ခင်မျိုးသန့် ဖုန်း–၆၆၄၆၂၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးလှဝင်း ဖုန်း–၅၂၇၀၉၂ နှင့် ဒေါ်အုန်းခင် ဖုန်း–၅၃၇၆၂၂ တို့သို့ကြိုတင် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ယခုနှစ်ရန်ကုန်တိုင်းတွင် မိုးစပါးဧက ၁၂ သိန်း စိုက်ပျိုးမည် လျာထားသတ်မှတ်ချက်အတိုင်းအပြည့်အဝစိုက်ပျိုးနိုင်ရန်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဇွန် ၃၀ရက် နံနက် ၈နာရီတွင် သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ ကျင်းပသည့် ရန်ကုန် တောင်ပိုင်းခရိုင် မိုးစပါး အပြည့်အဝ စိုက်ပျိုးရေးနှင့် နွေစပါးစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခြေခံကောင်း

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်း အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းသည် ဒေသတွင်းစားနပ်ရိက္ခာဖူလုံပြည့်စုံရေး၊ ဒေသ၏ စီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းရေး၊ ဒေသခံတောင်သူ လယ်သမားများ၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး သာမက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ အဓိကဖော်ဆောင်ပေးနေသည့် အခြေခံကောင်း တစ်ခုဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်

ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် ရန်ကုန်တိုင်းအတွင်း မိုးစပါးဧက ၁၂သိန်း စိုက်ပျိုးထုတ်လုပ်မည် ဖြစ်ကြောင်း၊ ရန်ကုန်တောင်ပိုင်း ခရိုင်သည် ရန်ကုန်တိုင်းအတွင်း မိုးစပါးအများဆုံး စိုက်ပျိုးထုတ်လုပ်မည့် ခရိုင်ဖြစ်၍ လျာထားသတ်မှတ်ထားသည့် ဧကရှစ်သိန်း အပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်ရေး တိုင်းခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက စနစ်တကျ စီမံဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ လာမည့်နွေစပါး စိုက်ပျိုးရာသီတွင်လည်း နွေစပါး လျာထားသတ်မှတ်ချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ရန် နိုင်ငံတော်က နည်းလမ်းမျိုးစုံဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည့် စိုက်ပျိုးရေ ရရှိရေး လုပ်ငန်းများကို မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် နယ်မြေများ၌ အပြည့်အဝ ရရှိရေးအတွက် ရေသွင်း ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်မည့်နေရာများ၊ ချောင်းပိတ်မြောင်းပိတ် ဆောင်ရွက်ရမည့် နေရာများကြိုတင်စီမံဆောင်ရွက်ရမှာ ဖြစ်ကြောင်း။

ဒေသတိုးတက်ရေး ကြိုးပမ်း

ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များအပြင် မိမိတို့ တာဝန်ကျရာဒေသ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုဘဝတိုးတက်မြင့်မားရေးတို့အတွက် စေတနာထားကာ လုံ့လဝီရိယအပြည့်ဖြင့် နည်းလမ်းများ ရှာကြံကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထို့ပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ရေမြေ၊ သဘာဝရာသီဥတုကို အကျိုးဖြစ်ထွန်းနိုင်ဆုံးဖြစ်အောင် ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ဖန်တီး စိုက်ပျိုးရမှာ ဖြစ်ကြောင်း၊ စိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားလာစေရန် နည်းလမ်းလေးသွယ် အသုံးချ စိုက်ပျိုးရေး စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာ မြို့နယ်များအလိုက် မိုးစပါး လျာထားသတ်မှတ်ချက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု နွေစပါး အပြည့်အဝ စိုက်ပျိုးနိုင်ရန် ရေရရှိရေး လုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု၊ မြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၅)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မိုးစပါး အပြည့်အဝအချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးနည်းပညာများ ကူညီပံ့ပိုးပေးမည့် အခြေအနေ၊ နွေစပါး စိုက်ပျိုးရေ ရရှိရေးအတွက် ရေသွင်း ရေနုတ်မြောင်းများ၊ ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများ၊ မြစ်ရေတင်စီမံကိန်းများဖြင့် ကူညီဖြည့်ဆည်းပေးမည့် အခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ကူညီဖြည့်ဆည်းပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် မိုးစပါးအပြည့်အဝ စိုက်ပျိုးရေးနှင့် နွေစပါး စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ရန်ကုန်တိုင်း)

တရားပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်(ခ)၁၀လမ်း မဟာစည်ဩဝါဒခံ ရွှေရင်အေးသာသနာ့ရိပ်သာဝင်းအတွင်း ဆောက်လုပ်ပြီးစီးသွားသော သုံးထပ်ဓမ္မဗိမာန်တော်ကြီးအား ရေစက်ချပွဲကို ဇူလိုင် ၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ အကြိုတရားပွဲများအဖြစ် ဇူလိုင် ၂ ရက် ညတွင် ဘဒ္ဒန္တပညာနန္ဒ (မဟာစည်နယ်လှည့် ဓမ္မကထိက) ရွှေရင်အေးဆရာတော်၊ ဇူလိုင် ၃ ရက် ညတွင် ဘဒ္ဒန္တခေမာသီရိလင်္ကာရ ပိဋကတ် တစ်ပုံခွဲအောင် သီတဂူကြာတစ်ပွင့်၊ ရွှေပြည်ဟိန်းဆရာတော်၊ ဇူလိုင် ၄ ရက် ညတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ သ-စ-အပါဠိပါရဂူ (ယောဆရာတော်) တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည် ဖြစ်သည်။

(က-ပ)

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန် တိုးမြှင့်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှုကော်မတီ အစည်းအဝေးဖွင့်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေး ဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှု ကော်မတီ (၁၁)ကြိမ်မြောက် အစည်းအဝေး(11 th Meeting of the Joint Committee on ASEAN Cooperation in Agriculture and forest Promotion Scheme) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်ခန်းမဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ဌာနေ ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ အာဆီယံ Secretariat ရုံးမှ Mr. Rony Soerakoesoe Mah နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် အစည်းအဝေး တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသောအာဆီယံ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် National Commercial EnterpriseLtd. ၏ TheBestMyanmar Green Teaပြကွက်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ပဲအမျိုးမျိုးနှင့် ဘဏ္ဍာနှစ်အလိုက် ပဲအမျိုးမျိုးထုတ်လုပ်မှုပြကွက်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ရော်ဘာ၊ စားအုန်းဆီ၊ သီဟိုနှင့် မက္ကဒေးမီးယားပြကွက်နှင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ Arabica Coffee Robuster Coffee နှင့် Cotimor Coffeeပြကွက်များကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးဆိုင်ရာ အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကော်မတီ(၁၁)ကြိမ်မြောက် အစည်းအဝေးကို မင်းတုန်းခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် မြန်မာကိုယ်စားလှယ်အဖွဲ့မှ စိုက်ပျိုးရေးစီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွတ်ဦး၊ တွဲဖက်သဘာပတိအဖြစ် ဖိလစ်ပိုင်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ Mr. Salvador S. Salawp တို့က ဆောင်ရွက်ပြီး အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များက လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးကိစ္စရပ်များကို ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးဆိုင်ရာ အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (၁၁)ကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင် အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆၁၅-I)၊ မာလာလမ်းသွယ်နေ
ဦးခင်မောင်-ဒေါ်ခင်ဌေးမြင့်တို့၏ တစ်ဦးတည်းသောသား၊
ဟာဂျီဦးကျော်နိုင်ဦး-ဟာဂျီမ ဒေါ်ခင်ခင်မိုး
(Naing Group Construction Co., Ltd)တို့၏ သားတပည့်

မောင်ခင်မောင်ဝင်း

La Wun Thit Construction & Interior Decoration Service Group

နှင့်

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ သိန်းနီလမ်းနေ
ဟာဂျီဦးသိန်းအောင်-ဟာဂျီမ ဒေါ်ခင်အေး(တိုကျိုကားအမိုးကူရှင်၊
ကားပစ္စည်း၊ ဂျပန်ကားမှန်လုပ်ငန်း)တို့၏ သမီးထွေး

မခင်သန္တာအောင်

တို့သည် ၁၈-၆-၂၀၀၄နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ခင်မောင်ဝင်း-မခင်သန္တာအောင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တိုက်ကြီးမြို့၊ ရှမ်းစုရပ်၊ လယ်တီ(၂)လမ်းနေ
ဦးခင်မောင်မြင့်-ဒေါ်တင်မြင့်တို့၏ သား

မောင်ကျော်စွာစိုး B.A(History)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းအုတ်စက်ရိပ်သာနေ
ဦးထင်ကျော်ဦး-ဒေါ်ခင်အေးချိုတို့၏ သမီး

မသဲဆုဝင်း B.A(Business Management)

တို့သည် ၂၇-၆-၂၀၀၄ရက်နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စွာစိုး-မသဲဆုဝင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၆၄၁

ဦးမြသွင် နှင့်	၁။ **ဦးကျော်သီဟ**
အမှတ်-၁၇၆(ပထမထပ်)	၂။ **ဦးစိုးမြင့်ဦး**
ယာဘက်အခန်း၊ လမ်း-၄၀ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။	၃။ **ဒေါ်အမာချို**၊ အမှတ်၉/၁၁၊ လမ်းသွယ်(၃)၊ ပထမသော်မဆင် ရိပ်သာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
	၄။ **ဒေါ်ခင်သီတာထွန်း**
	၅။ **ဒေါ်တာမီကို**
တရားလို	**တရားပြိုင်များ**

အထက်အမည်ပါ အမှတ်(၃)တရားပြိုင် ဒေါ်အမာချို(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလိုက "မူလနေထိုင်သူ ရထိုက်ခွင့်ရှိသောအခွင့်အရေးအတိုင်း အခန်းပြန်ရထိုက်ခွင့်ရှိကြောင်း(သို့မဟုတ်)၁၉-၁၂-၂၀၀၃ရက်နေ့က အန္တရာယ်ရှိအဆောက်အအုံဟောင်းအား ဖျက်သိမ်းပြီး အဆောက်အအုံသစ်ဆောက်လုပ်ရန် ကန်ထရိုက်တာနှင့် အိမ်ခန်းပိုင်ရှင်တို့ နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်ပါအတိုင်း အခန်းပြန်လည်ရထိုက်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု"စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇူလိုင်လ(၂၀)ရက် (၁၃၆၆ခု၊ ပထမဝါဆိုလပြည့်ကျော်၄ရက်)မွန်းမတည့်မီ ၉း၃၀နာရီအချိန်တွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇွန်လ(၂၂)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **အောင်ဝင်း(တွဲဖက်တိုင်းတရားသူကြီးအမှတ်-၉)**

ရန်ကုန်တိုင်းတရားရုံး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၄)ရပ်ကွက်၊ ငွေစင်လမ်း၊
အမှတ်(၁၀၂၅)နေ
ဦးတင်ဦး(ဆိပ်ကမ်း သ/မ၊ ငြိမ်း)-ဒေါ်တင်တင်ဝင်း
တို့၏ တစ်ဦးတည်းသောသား

မောင်ကျော်ကျော်လတ် B.E. (Mechanical)

အောင်ရှိဖြိုးကုမ္ပဏီလီမိတက်

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊
အမှတ်(၂၀)နေ
ဦးအောင်မြင့်(စား/ဖျော်၊ ငြိမ်း)-ဒေါ်စုစုကြည်တို့၏ သမီးဦး

မမီမီအောင် B.Sc .(Physics)

Miwon Shwe Thazin Co., Ltd.

တို့သည် ၂၇-၆-၂၀၀၄နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ကျော်လတ်-မမီမီအောင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်။

တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ် (၃)ထပ် အဆောက်အအုံသစ်များကို ထားဝယ်၊ မြိတ်၊ လားရှိုး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မကွေး၊ ဟသ်ာတ၊ မော်လမြိုင်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (B.Q)နှင့် တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များမှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၂၈၇၃၊ ၅၄၃၃၃၆။

၆။အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ၊ အင်းစိန်မှ အဆင့်အတန်းမီ ဓာတ်ငွေ့ဂဟေဆက်နည်း၊ ဖြတ်နည်းနှင့် လျှပ်ပန်းဂဟေဆက်နည်း၊ အခြေခံသင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားပေးနေပြီ။

* သင်တန်းအမှတ်စဉ်(၉၆)
* ၇-၇-၂၀၀၄နေ့ စတင်ဖွင့်လှစ်မည်။
* ပါတ်(စ်)ပို့ဓာတ်ပုံ သုံးပုံယူခဲ့ရမည်။
* ထိရောက်စွာ သင်ကြားနိုင်ရန် သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။
* အင်္ဂလိပ်ဘာသာဖြင့် CERTIFICATE ပေးသည်။

ဖုန်း-၆၄၀၂၇၂၊ ၆၄၀၀၀၇။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် - ၂၈/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဇွန်လ ၂၄ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ဌာန	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်	လက်ထောက်မော်ကွန်းထိန်း	တက္ကသိုလ်တစ်ခုခုမှဘွဲ့ (အမျိုးသား)	(၁) နေရာ
(ခ)	လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန	လက်ထောက်အင်ဂျင်နီယာ (ဆက်သွယ်)	အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ (အမျိုးသား)	(၂) နေရာ
		လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)	မြို့ပြအင်ဂျင်နီယာဘွဲ့	(၂) နေရာ
		လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်)	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ (အမျိုးသား)	(၂) နေရာ
		လက်ထောက်အင်ဂျင်နီယာ (စက်မှု)	စက်မှုအင်ဂျင်နီယာဘွဲ့ (အမျိုးသား)	(၆) နေရာ
		စာရင်းစစ်အရာရှိ	ဝါဏိဇ္ဇဘွဲ့ရရှိပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ	(၁) နေရာ
		ဦးစီးအရာရှိ	တက္ကသိုလ်တစ်ခုခုမှဘွဲ့	(၂) နေရာ
(ဂ)	ပြည်တွင်းရေကြောင်းပို့ဆောင်ရေး	လက်ထောက်မန်နေဂျာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့	(၃၅) နေရာ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၆-၇-၂၀၀၄နေ့တွင် အသက် (၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) လက်ထောက်မော်ကွန်းထိန်း၊ လက်ထောက်အင်ဂျင်နီယာ(ဆက်သွယ်)၊ လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)၊ လက်ထောက်အင်ဂျင်နီယာ(စက်မှု)ရာထူးများအတွက် လုပ်ငန်းသဘာဝအရ အမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၇-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅ဝိ/-ကိုသီးခြားပေးသွင်းပြီး၊ ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီတင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်-၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၇-၂၀၀၄နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၂-၈-၂၀၀၄နေ့နှင့် ၂၃-၈-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၉-၈-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

အမည်ပြောင်းခြင်း

ဦးစောအောင်၏သား အထက(၁)ဒဂုံ၊အဌမတန်း(F)မှ မောင်ဇာနည်ထူးအား ယနေ့မှစ၍ မောင်ဇာနည်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇာနည်အောင်။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မယဉ်ယဉ်မြင့်[၂/လကန(နိုင်)၀၁၃၅၂၁]သည် ခင်ပွန်းဖြစ်သူ၏ ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် ၎င်း၏သဘောဆန္ဒအလျောက် (အိမ်တွင်းပစ္စည်းများကိုယူဆောင်၍) ၂၃-၆-၂၀၀၄ရက်နေ့တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကျွန်တော်နှင့် လုံးဝသက်ဆိုင်ပတ်သက်မှု မရှိတော့ပါ။

လှသန်း
[၂/လကန(နိုင်)၀၁၃၅၂၀]
၂၁(က)မင်းစုရပ်၊ လှိုင်ကော်မြို့။

